# ကြေးမုံ
# The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday, 23 May 2022 ၁၀၇၄၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိပိဋကနှစ်ပုံခွဲ ရေးဖြေအောင် မူလအဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်မာနိတအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

**ရန်ကုန် မေ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် အပါး ၂၀ တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ တိပိဋကပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သဘောရေးဖြေအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂


## ယနေ့ ဖတ်စရာ


**ရန်ကုန် စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် မွန်ပြည်သစ်ပါတီ(NMSP)မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ**

စာမျက်နှာ » ၇

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊**



**ကောလိပ်နှင့် သင်တန်းကျောင်းများ**

ဆောင်းပါး

စာမျက်နှာ » ၁၆

ကြေးမုံ

# ဘက်စုံဖွံ့ဖြိုးနေသည့် စံပြမြို့တော်

နိုင်ငံအများတွင် စံနမူနာပြ စံပြမြို့ရွာများ တည်ဆောက်ထားကြသည်။ အထူးသဖြင့် နိုင်ငံများ၏ မြို့တော်များကို မြို့တော်အင်္ဂါရပ်နှင့်အညီ စံနမူနာပြမြို့တော်ဖြစ်အောင် တည်ဆောက်ကြသည်။ စံနမူနာပြမြို့ဟူသည် တစ်မျိုးကောင်း၊ နှစ်မျိုးကောင်းမဟုတ်ဘဲ မြို့ရွာသာယာလှပမှု၊ မြို့ပြဖွံ့ဖြိုးမှု၊ သန့်ရှင်းသပ်ရပ်မှု၊ လူမှုစီးပွားတိုးတက်မှု အဘက်ဘက်တွင် အခြားမြို့ရွာများထက် ပိုမိုသာလွန်ကောင်းမွန်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးမြို့တော်မှာ ရန်ကုန်မြို့ဖြစ်ပြီး အုပ်ချုပ်ရေးမြို့တော်မှာ နေပြည်တော်ဖြစ်သည်။ နေပြည်တော်မှာ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့်အပြင် အစစအရာရာတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတကာအလယ်တွင် ဂုဏ်တင့်တယ်သည့်မြို့တော်ဖြစ်အောင် အဆက်မပြတ်တည်ဆောက်လျက်ရှိသည်။ နေပြည်တော်သည် သဘာဝပတ်ဝန်းကျင် အထူးကောင်းမွန်ပြီး အရှေ့ရိုးမနှင့် အလယ်ရိုးမ တောင်တန်းကြီးနှစ်ခုကြားတွင် တည်ရှိသည်။ ပေါင်းလောင်း (စစ်တောင်းမြစ်)၊ ငလိုက်ချောင်း၊ ဆင်သေချောင်းများအပါအဝင် ချောင်း၊ မြောင်းများရှိပြီး မြေဆီမြေနှစ်ကောင်းမွန်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၉ ရက်နေ့ကပြုလုပ်သည့် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် "နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး Green City၊ Clean City၊ Smart City အဖြစ် တိုးတက်အောင် ဆောင်ရွက်၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း" လမ်းညွှန်မှာကြားထားသည်။

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏မြို့တော် တည်ရှိရာဒေသဖြစ်သည်နှင့်အညီ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရုံးဌာနများအား စနစ်တကျဖွဲ့စည်းထားပြီး နိုင်ငံတကာအလယ်တွင် တင့်တယ်သည့် မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်အောင် တည်ဆောက်ထားသည်။ မြို့တော်ကို ပန်းမန်သစ်ပင်ဥယျာဉ်များဖြင့် လှပဝေဆာအောင်ဖန်တီးထားပြီး မြို့တော်သန့်ရှင်းသာယာလှပရေးကို နေ့စဉ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်တွင် အဆင့်အတန်းမြင့်သော မြို့တော်တစ်ခုအဖြစ်ရပ်တည်လျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေ၏ ရေခံမြေခံသဘာဝအခြေခံကောင်းများကို အခြေခံ၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အမျိုးသားရေးရည်မှန်းချက်ကိုချမှတ်ထားရာ စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများရှိပြီးဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စံပြမွေးမြူရေးဇုန်၊ စိုက်ပျိုးရေးဇုန်များ တည်ထောင်ကာ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ စံပြနယ်မြေတစ်ခုဖြစ်အောင် အကောင်အထည်ဖော်လျက်ရှိသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း အကောင်အထည်ဖော်လျက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး၏စံပြအဖြစ် အကောင်အထည်ဖော်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံ၏ ဗဟိုနေရာဌာန နေပြည်တော်ကောင်စီနယ်မြေမှ တစ်နိုင်ငံလုံးနှင့် ကုန်စည်ကူးသန်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်းမှုများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျွဲ၊ နွား၊ ဆိတ်၊ ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလျက်ရှိပြီး တပ်ကုန်းမြို့ပတ်ဝန်းကျင်တွင် မွေးမြူရေးဇုန်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးပညာရပ်များ ပြန့်ပွားစေရေးအတွက် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်များ နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်ထားသည်။ ဝန်ကြီးဌာနများ ရုံးစိုက်ရာနယ်မြေဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေအောင် ဆောင်ရွက်ရေး၊ စံပြဖြစ်အောင် ဆောင်ရွက်ရေးအတွက် အားသာချက်များရှိသည်။

နေပြည်တော်ကောင်စီနယ်မြေသည် မြန်မာနိုင်ငံအထက်အောက် သွားလာနိုင်သော အမြန်လမ်းမကြီးနှင့် ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိသည့်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သကဲ့သို့ လျှပ်စစ်ဓာတ်အားများလည်း လုံလောက်စွာရရှိနိုင်သည်။ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေကို အစိမ်းရောင်မြို့တော်၊ သန့်ရှင်းသောမြို့တော်၊ အဆင့်အတန်းမြင့်မားသော မြို့တော်အဖြစ် ဆက်လက်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်ငန်းများကိုလည်း စံပြအဖြစ် တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံကောင်းများ အားလုံးပြည့်စုံနေသော နေပြည်တော်ကောင်စီနယ်မြေကို ဆက်လက်အဆင့်မြှင့်တင်ဖော်ဆောင်ခြင်းဖြင့် တစ်နိုင်ငံလုံးအတွက် စံနမူနာပြမြို့တော်အဖြစ် ငွားငွားစွင့်စွင့် အကောင်အထည်ပေါ်လာပြီဖြစ်ပါကြောင်း။ ။

# ရန်ကုန်စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီ ပြည်ပတင်ပို့ခွင့် ပြန်လည်ခွင့်ပြုလိုက်ပြီး ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများ ယခင်အပတ်ထက် ကျဆင်းလာခဲ့သည်။ တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ်အခြေခံ၍ တွက်ချက်မှုအရ မေ ၂၃ ရက်မှ မေ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မေ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သီရိရတနာကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ဗုဒ္ဓသုခစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး



ပြင်ဦးလွင်မြို့နယ်ရှိ ရွှေစေတီကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်ရှိအောင်မင်္ဂလာတောရကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခုက Disposable Face Mask ၃၉ ဒသမ ၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။


**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – ဦးနိုင်လင်းကြည်၊ | **စာပြင်** | – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော သာရဏီယဩဝါဒကထာ

**{၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်)တနင်္ဂနွေနေ့}**



(၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူကြသည့် ပိဋကနှစ်ပုံခွဲ ရေးဖြေအောင် **မူလအဘိဓမ္မကောဝိဒ** တစ်ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် **ဒီဃနိကာယ ကောဝိဒ** တစ်ပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် **ဝိနယကောဝိဒ** ခုနစ်ပါး၊ ဝိနည်းရှေ့ပိုင်း ရေးဖြေအောင် **ဥဘတောဝိဘင်္ဂကောဝိဒ** ၁၁ ပါးတို့နှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့အား ဝမ်းမြောက်ဖွယ်ရာ အမှတ်ရဖွယ်ရာဖြစ်သော သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ မြွက်ကြားလိုပါသည်- **ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇန သုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ဧကပုဂ္ဂလော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ** အစရှိသည်ဖြင့် (အံ၊ ၁၊ ၂၀) ၌ မိန့်ကြားတော်မူသည်။

ရဟန်းတို့ လောက၌ တစ်ဦးတည်းသောပုဂ္ဂိုလ် ဖြစ်ထွန်းပေါ်ပေါက်လာသည်ရှိသော် လူအများ အစီးအပွားအလို့ငှာ လူအများချမ်းသာခြင်းငှာ၊ လောကကို အစဉ်သနားစောင့်ရှောက်ခြင်းငှာ၊ နတ်လူတို့၏အကျိုးများရန် အစီးအပွားများရန် ချမ်းသာခြင်းငှာ ဖြစ်ထွန်းပေါ်ပေါက်တော်မူ၏။ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားပင်တည်း။

ဤလောကသား လူအများသည် ဆင်းရဲကို ဆင်းရဲမှန်းမသိ၊ ဆင်းရဲကြောင်း အလုပ်များကို လုပ်နေ၍လည်း ဆင်းရဲကြောင်း အလုပ်တွေပဲဟူ၍ မသိကြ၊ ကုသိုလ် အကုသိုလ်မှန်းလည်း မသိမမြင်နိုင်ကြပေ။ လောကကြီးသည် မောဟအမှောင်ဖုံးနေသည့် အမိုက်တိုက်လောကကြီးဖြစ်သည်။ အဝိဇ္ဇာအမှောင်ထုကြီးဖုံးနေသည့် လောကကြီးထဲမှာ မြတ်စွာဘုရားရှင် ပွင့်တော်မူလာသဖြင့် ဤတရားကား အပြစ်မရှိ ချမ်းသာသောအကျိုးကိုပေးခြင်း လက္ခဏာရှိသည့် ကုသိုလ်တရားဖြစ်၏။ ဤတရားကား အပြစ်နှင့်တကွဖြစ်ပြီး ဆင်းရဲသောအကျိုးပေးခြင်း လက္ခဏာရှိသည့် တရားဖြစ်၏ စသည်ဖြင့် ဟောကြားတော်မူခဲ့သည်။

ထို့ပြင်လည်း ဤသဘောတရားများသည် ဧကန်စင်စစ် ဆင်းရဲသောသဘောတရားများပဲ၊ ဤတရားများသည် ဆင်းရဲကြောင်း အမှန်တရားများပဲ၊ ဤတရားများသည် ဆင်းရဲချုပ်ရာ ချမ်းသာမှန် တရားပဲ၊ ဤတရားများသည် ဆင်းရဲချုပ်ရာ ချမ်းသာသောသဘောတရားကို ဆိုက်ရောက်စေနိုင်သည့်အမှန်တရားပဲ စသည်ဖြင့် သစ္စာလေးပါး တရားတော်ကို ဟောကြားတော်မူလိုက်သဖြင့် အချို့သော ဝေနေယျသတ္တဝါများမှာ အဝိဇ္ဇာအမှောင်လုံးဝကင်းရှင်းပြီး ဝိဇ္ဇာအလင်းရောင်ကောင်းကောင်း ရသွားကြပေသည်။ အချို့သောသတ္တဝါတွေမှာ ဝိဇ္ဇာအလင်းရောင် ကောင်းကောင်းရသော်လည်း အဝိဇ္ဇာအမှောင်နည်းပါးကာ ရေးရေးယောင်ယောင် မြင်လာတတ်ကြပေသည်။ ဒါကြောင့် မြတ်စွာဘုရားရှင် ပွင့်တော်မူလာခြင်းဟာ နေမင်းကြီး၊ လမင်းကြီး ထွက်ပေါ်လာသလိုဖြစ်ပြီး ကြာမြင့်စွာသော ကာလပတ်လုံး လူ နတ် ဗြဟ္မာ သတ္တဝါတို့ စီးပွားချမ်းသာဖို့ဖြစ်ပါပေသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် တရားတော်များကို ရတနာခြင်းတောင်းထဲ၌ သဘောတူရာ စုပေါင်း၍ထည့်လိုက်လျှင် ဝိနည်း သုတ္တန်၊ အဘိဓမ္မာ၊ ပိဋကတ်ဟူ၍ ပိဋကသုံးပုံ ဖြစ်လာသည်။ ဤပိဋကတ်တရားမြတ်တို့ကို သင်ယူအပ်သောကြောင့် ပရိယတ္တိဟု ခေါ်သည်။ ပိဋကတ်သုံးပုံလာ တရားဓမ္မတို့ကို သိရှိမှတ်မိအောင် ကျက်ဆောင်သင်ယူခြင်းကိုလည်း ပရိယတ္တိဟု ခေါ်သည်။

ဤပရိယတ္တိတရားတော်များက ရှောင်ကြဉ်ရန်နည်းလမ်း၊ ကျင့်ကြံရန်နည်းလမ်း၊ နှလုံးသွင်းသိရှိလိုက်နာရန်နည်းလမ်းများကို ညွှန်ကြားထားပါသည်။ ပရိယတ္တိတရားတော်က ညွှန်ကြားသည့်အတိုင်း လိုက်နာကျင့်ကြံပွားများခြင်းကို ပဋိပတ္တိဟု ခေါ်ပါသည်။ ပဋိပတ္တိအစွမ်းကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် အသိထူးများ ရရှိသွားခြင်းကို ပဋိဝေဓဟုခေါ်သည်။ ထို့ကြောင့် သာသနာတော်သုံးရပ်တွင် ပရိယတ္တိသည် အခြေခံမူလပဓာနကျပါသည်။ သစ်ပင်ကြီးတစ်ပင်မှာ အမြစ်မရှိလျှင် ပင်စည် အကိုင်းအခက်များ အကြာအရှည်မတည်နိုင်သကဲ့သို့ အပွင့်အသီးများလည်း ဝေဝေဆာဆာမရှိနိုင်ပါ။ ထို့အတူ သာသနာတော် သုံးရပ်မှာလည်း ပရိယတ္တိမှမရှိလျှင် ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာတို့သည်လည်း မတည်ရှိနိုင်ပါ။

ရေကန်ကြီးဥပမာနှင့် ပြောရမည်ဆိုပါက ကန်ပေါင်ရိုးသာမရှိလျှင် ရေကန်ထဲမှာရှိသည့် ရေများ၊ ကြာများသည် ကြာကြာမတည်နိုင်ပါ။ ရေမရှိလျှင်လည်း ကြာပင် ကြာပန်းများ မပေါက်ရောက်နိုင်ပါ။ ဤဥပမာအတိုင်း ပရိယတ္တိက ကန်ပေါင်ရိုးနှင့် တူပါသည်။ ပဋိပတ္တိက ရေနှင့် တူပါသည်။ ပဋိဝေဓက ကြာပင် ကြာပန်းများနှင့် တူပါသည်။ ထို့ကြောင့် ပဋိပတ္တိဆိုသည့် ရေကြည်ရေအေးများ၊ ပဋိဝေဓဆိုသည့် ကြာပင်ကြာပန်းများနှင့် လှပတင့်တယ်ပြီး တည်ရှိနေဖို့ဆိုသည်မှာ ပရိယတ္တိဆိုသည့် ကန်ပေါင်ရိုးကြီး ခိုင်ခိုင်ခံ့ခံ့ရှိဖို့ လိုအပ်ပါသည်။

ကန်ပေါင်ရိုးကြီးကတော့ ခိုင်ခိုင်ခံ့ခံ့ရှိပါ၏။ သို့သော် ကန်ထဲ၌ ရေလည်း မရှိ၊ ကြာပင်လည်း မရှိလျှင် ခြောက်သွေ့နေသည့် ရေကန်ကြီးသည် တင့်တင့်တယ်တယ် မရှိသည့်အတွက်ကြောင့် မည်သူမျှလည်း စိတ်ဝင်စားမှုမရှိ၊ ရေကိုလည်း မချိုးရ၊ မသောက်ရသဖြင့် အကျိုးမရှိသကဲ့သို့ ထို့အတူ ကန်ပေါင်ရိုးနှင့်တူသည့် ပရိယတ္တိတစ်ခုတည်းသာရှိမည်ဆိုလျှင် ပဋိပတ္တိဆိုသည့် ရေကြည်ရေအေးလည်း မသောက်ရ၊ ပဋိဝေဓဆိုသည့် ကြာဖူး ကြာပန်းများလည်း မပွင့်နိုင်သည့်အတွက် သာသနာတော်ကြီးဟာလည်း တင့်တယ်စွာ တိုးပွားစည်ပင်နေမည်မဟုတ်ပေ။

ထို့ကြောင့် (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ကြသည့် အရှင်မြတ်များအား ရေများတည်တံ့ဖို့ ကန်ပေါင်ရိုးကြီးကို ခိုင်ခိုင်ခံ့ခံ့ရှိအောင် ကြာပွင့်ကြာပန်းများနှင့် လှပဝေစည်တင့်တယ်နေအောင် ဆက်လက်ကြိုးစားအားထုတ်ကြဖို့ သတိပေးတိုက်တွန်းစကား လျှောက်ထားလိုပါသည်ဘုရား။

သာသနာတော်ကို ထောက်ပံ့လှူဒါန်းကြသည့် နိုင်ငံတော်အစိုးရနှင့်တကွ ဒါယကာ ဒါယိကာမအပေါင်းတို့ကတော့ ဥယျာဉ်မှူးနှင့် တူပါသည်ဘုရား။ ဥယျာဉ်မှူးသည် သစ်ပင်များကို ရေမလောင်းဘဲ ရေပြတ်အောင်ထားလျှင် သစ်ပင်များမှာ ညှိုးနွမ်းခြောက်သွေ့သွားပြီး ရေကို အဆမတန်လောင်းပြန်လျှင်လည်း ရေဓာတ်များပြီး သေသွားတတ်ပါတယ်ဘုရား။

ထိုနည်းတူစွာပင် သာသနာတော်ကို ထောက်ပံ့ရာမှာ ရေပြတ်သည့် သစ်ပင်များလိုလည်း မဖြစ်ရအောင်၊ ရေဓာတ်များပြီး သေသွားသည့် သစ်ပင်များကဲ့သို့ မဖြစ်ကြရလေအောင် ပြုစုထောက်ပံ့ပါက မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့ကာ ဆရာ ဒကာ ညီညာလက်တွဲ၍ ဆင်းရဲဆုံးရာ ချမ်းသာအမှန် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြပါစေဟူ၍ ပတ္ထနာပြုရင်း ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့နှင့် တွေ့ဆုံ

**ရန်ကုန် မေ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့မွန်းလွဲ ၃ နာရီတွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

**ဆွေးနွေးမှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရွှေတိဂုံစေတီတော်ရှိ ဝန်ထမ်းများ စည်းမျဉ်း စည်းကမ်းနှင့်အညီ လိုက်နာနေထိုင်ကြရေး၊ ဝန်ထမ်းများခန့်ထားရာ၌ စည်းမျဉ်းနှင့်အညီ ဆောင်ရွက်စေရေး၊ စေတီတော်ရင်ပြင်ရှိ ဟောင်းနွမ်းနေသောပန်းပုရုပ်တုများကို အသစ်ပြန်လည်ပြုပြင်ရေး၊ ပန်းပုရုပ်တုအဟောင်းများကို ပြတိုက်၌ ခင်းကျင်းပြသနိုင်ရေး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ ပညာသင်ကြားနိုင်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။



ထို့နောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ရွှေသင်္ကန်းကပ်လှူရေးဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးကို လှည့်လည်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**သတင်းစဉ်**




တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး ပိဋကတ်နှစ်ပုံ သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်မှ အရှင် အာစာရာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပိဋကတ်တစ်ပုံ ရေးဖြေအောင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တိပိဋကစုဆန်လီကျောင်းတိုက်မှ အရှင်ဝဏ္ဏိတာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ပိဋကတ်တစ်ပုံ ရေးဖြေအောင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်ပါမောက္ခအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပိဋကတ်တစ်ပုံ ရေးဖြေအောင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်မှ အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

❂ ရှေ့ဖုံးမှ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယဩဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကိုလျှောက်ထားသည်။

ထို့နောက် (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြရာ ပိဋကတ်နှစ်ပုံခွဲ သဘောရေးဖြေအောင်မြင်တော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်မာနိတအား မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လည်းကောင်း၊ ပိဋကတ်နှစ်ပုံ သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်အာစာရာလင်္ကာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒေါက်တာဗညားအောင်မိုးက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပိဋကတ်တစ်ပုံသဘောရေးဖြေအောင်မြင်တော်မူသဖြင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ခုနစ်ပါး၊ ဝိနည်းပထမပိုင်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၁၁ ပါးတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရမဟာထေရ်မြတ်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ စာအောင်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယခု ကျင်းပပြီးစီးခဲ့သည့် (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအထိ ၇၄ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည် အရှင်သူမြတ်ခြောက်ပါး ပေါ်ထွန်းခဲ့ပြီး သာသနာ့အကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက်တော်မူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်ဩဝါဒါစရိယ ရွှေသုဝဏ် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသဒ္ဓိယ မဟာထေရ်မြတ်ကြီးသည် မေ ၂၁ ရက် (စနေနေ့) နံနက် ၁ နာရီ မိနစ် ၄၀ တွင် ဘဝနတ်ထံပုံလွန်တော်မူခဲ့သည်။

**ဖူးမြော်ကြည်ညို**

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၌ ပူဇော်ထားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်ဩဝါဒါစရိယ ရွှေသုဝဏ် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အန္တိမအဂ္ဂိ ဈာပနကျင်းပရေး ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိ ဈာပန ပူဇာသဘင်အခမ်းအနား ပြုလုပ်မည့် အခြေအနေများအား လျှောက်ထား ဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ကြည့်ရှုအားပေး စကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် ဆေးကုသမှုခံယူလျက်ရှိသူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးက ဆေးရုံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဆေးကုသမှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း)က သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ထို့နောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# အုတ်တွင်းမြို့နယ်၌ ပုံတူပန်းချီပြိုင်ပွဲ ကျင်းပ

**အုတ်တွင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ကာယဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပုံတူပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက ပုံတူပန်းချီပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပုံတူပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကြိုတင်သတိမှတ်၍မရဘဲ တားဆီးရန်ခက်ခဲသော သဘာဝဘေးအန္တရာယ်များကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ပြည်သူလူထု၊ အထောက်အကူအဖွဲ့များ၊ ပရဟိတအဖွဲ့များအားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ သထုံမြို့နယ်၊ ပေါင်မြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများ၊ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ မေ ၂၀ ရက်မှစ၍ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ၊ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ သထုံမြို့နယ်၊ ပေါင်မြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများ၊ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့ နေ့လယ်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေ၊ ရေဘေးသင့်ပြည်သူများအား ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေရာချထားမှု၊ ပြည်နယ်အစိုးရနှင့် နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ ရေဘေးရှောင်ပြည်သူများအား ကူညီဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတား၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ရေဘေးရှောင်ပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် မေ ၂၀ ရက်တွင် ဖြစ်ပွားခဲ့သည့် မုန်တိုင်းငယ်ကြုံတွေ့မှုတွင် ပြည်နယ်အစိုးရ၏ မှန်ကန်သည့် စုဖွဲ့မှု၊ ကောင်းမွန်သည့် ဇာတ်တိုက်လေ့ကျင့်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ၂၄ နာရီအတွင်း ဖြစ်ပေါ်ခဲ့သည့် ပြဿနာအခက်အခဲများကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် သဘာဝဘေးအန္တရာယ်အပေါ် ပြည်နယ်အစိုးရ၏ ဖြေရှင်းဆောင်ရွက်မှုကို မျက်မြင်ကြည့်ရှု၍ လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသခံပြည်သူများအား အားပေးစောင့်ရှောက်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများနှင့် Video Conferencing ဖြင့် တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ပညာပေးရန်လိုအပ်

မုန်တိုင်းအန္တရာယ်ကို နားလည်သဘောပေါက်လွယ်စေရန် အရောင်ငါးမျိုးဖြင့် သတိပေးစနစ်ကို အဆင့်လိုက်ကြိုတင်သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့ကြောင်း၊ သိရှိပြီးဖြစ်သော်လည်း ပိုမိုဂရုပြုမိစေရန် ရှင်းပြလိုကြောင်း၊ အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်နှင့် ပင်လယ်တွင် အလုပ်သွားရောက်လုပ်ကိုင်သည့် ရေလုပ်သားများအား သတိပေးရန်ဖြစ်ကြောင်း၊ လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန် ဖြစ်ကြောင်း၊ အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်ဖြစ်ကြောင်း၊ အညိုရောင်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်ဖြစ်ကြောင်း၊ အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီးဖြစ်ပြီး မိမိတို့၏နေအိမ်များသို့ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း၊ သတိပေးစနစ်အဆင့်အတန်းခွဲခြားထားသည့်အရောင်အညွှန်းများကို ပြည်သူများ သိရှိနားလည်ရန်အတွက် ပညာပေးရန်လိုအပ်သလိုလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်လျှင် ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်း၍ စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ စီမံချက်များရေးဆွဲရာတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ဂီရိမုန်တိုင်း၊ တာလေငလျင်၊ ကလေး-ကလေးဝမြို့ မြစ်သာမြစ်နှင့် နေရဥ္စရာမြစ် ရေကြီးရေလျှံမှုစသည့် အတွေ့အကြုံများကို အခြေခံ၍ ရေးဆွဲထားပြီး ဒေသအလိုက်ဖြစ်ပေါ်တတ်သည့် မီးဘေး၊ ရေဘေး၊ လေဘေး စသည့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည် တားဆီးရန်မဖြစ်နိုင်သဖြင့် မဖြစ်မီက ကြိုတင်ပြင်ဆင်စုဖွဲ့ထားခြင်း၊ ဇာတ်တိုက် လေ့ကျင့်ထားခြင်းနှင့် ဖြစ်ပေါ်လာပါက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ဖြစ်ပွားပြီးပါကလည်း နောက်ဆက်တွဲဘေးထွက်ဆိုးကျိုးများအတွက် ကြိုတင်မြော်တွေး၍ ပြင်ဆင်ထားရန်လိုကြောင်း၊ ဥပမာအနေဖြင့် မုန်တိုင်းနှင့်အတူ ထူးကဲဒီရေတက်ခြင်းဖြစ်ပေါ်တတ်ပြီး ရေကျချိန်တွင် အညစ်အကြေးများကျန်ရှိခြင်း၊ မှက်၊ ခြင်၊ ယင်များမှတစ်ဆင့် ကူးစက်ရောဂါများဖြစ်ပေါ်တတ်ခြင်း၊ မသန့်ရှင်းသည့် ရေကြောင့် ရောဂါဖြစ်စေခြင်းတို့ ရှိလာနိုင်ကြောင်း။

## ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖြစ်ပွား

သဘာဝဘေးအန္တရာယ်သည် မိမိတို့တစ်နိုင်ငံတည်းသာလျှင် ခံစားနေရခြင်း မဟုတ်ကြောင်း၊ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖြစ်ပွားလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်တို့ ဖြစ်ပေါ်ရခြင်းအကြောင်းတစ်ချက်အနေဖြင့် ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်အလွန်အကျွံ ထုတ်လွှတ်မှုများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေပြီး ဖန်လုံအိမ်နိယာမအရ အိုဇုန်းလွှာများပေါက်ပြဲခြင်းမှတစ်ဆင့် ကမ္ဘာကြီး၏ ပူနွေးမှုအရှိန်မြင့်တက်စေကာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများဖြစ်ပေါ်၍ နောက်ဆက်တွဲအဖြစ် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကျရောက်စေခြင်းဖြစ်ကြောင်း၊ Climate Change နှင့်ပတ်သက်၍ နိုင်ငံကြီးများ၏ ခေါင်းဆောင်များအနေဖြင့် အကောင်းဆုံးကျော်လွှားနိုင်ရန် ငြင်းခုံဆွေးနွေးအဖြေရှာနေကြဆဲဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝတရားအရ တားဆီးရန်၊ ရပ်တန့်ရန် မဖြစ်နိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်မှာ ကြိုတင်ပြင်ဆင်ခြင်း၊ ကာကွယ်တားဆီးခြင်း၊ အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက စီမံချက်အတိုင်း လုပ်ဆောင်ခြင်းနှင့်နောက်ဆက်တွဲပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ကြိုတင်သတ်မှတ်၍မရဘဲ တားဆီးရန်ခက်ခဲသော သဘာဝဘေးအန္တရာယ်များကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ပြည်သူလူထု၊ အထောက်အကူအဖွဲ့များ၊ ပရဟိတအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသင့်ပြင်ဆင်စုဖွဲ့ထားရှိသော ကူညီကယ်ဆယ်ရေးပစ္စည်းများကို လိုက်လံကြည့်ရှုစဉ်။

စာမျက်နှာ ၇ သို့ ❋

✻ စာမျက်နှာ ၆ မှ

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ် အတွင်း သဘာဝဘေးသင့်ပြည်သူများ အား ဆန်နှင့်အိမ်ဆောက်ပစ္စည်းများ၊ ထောက်ပံ့ငွေများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက မွန်ပြည်နယ်ရှိ လူမှုကယ်ဆယ်ရေးအသင်း အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သဘာဝဘေးသင့်ပြည်သူများ အတွက် ဆန်၊ အိမ်ဆောက်ပစ္စည်းများ၊ ထောက်ပံ့ငွေများ၊ ကူညီကယ်ဆယ်ရေး ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူ များက လက်ခံရယူကြပြီး သဘာဝဘေး ထိခိုက်သူများကိုယ်စား ချောင်းဆုံ မြို့နယ် ဆယ်ပလာကျေးရွာမှ ဦးမောင်ဝင်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယနေ့တွင် မွန်ပြည်နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့သည့် ပြည်သူများအား ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများ၊ ထောက်ပံ့ငွေများ အပါအဝင် ထောက်ပံ့ပေးအပ်ခဲ့သည့် တန်ဖိုးမှာ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၄၀၀ ကျော် ဖြစ်ကြောင်း သိရသည်။

ထို့နောက် သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားပြီး အသင့်ပြင်ဆင်စုဖွဲ့ထားရှိသော ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ကမ်းနားလမ်း၊ ကျောက်မီးသွေးလမ်းဆုံ၊ တောင်ဝိုင်းနှင့် ကန်ညီနောင်နေရာများသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မော်လမြိုင်မြို့ ဖက်ခင်းလမ်းနှင့် တောင်ဝိုင်းလမ်းများတွင် ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရန်အတွက် ဟောင်သရောမြစ်နှင့် အတ္ထရံမြစ်တို့ဆုံရာနေရာများရှိ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်နေရာများနှင့် ဆောင်ရွက်ဆဲနေရာများသို့ ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော်　မေ　၂၂**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ RCSS အတွင်းရေးမှူး-၁ ဗိုလ်မှူးကြီး စိုင်းငင်း၊ RCSS ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဗိုလ်မှူးကြီးဆောင်းဟန်တို့ တက်ရောက်ကြသည်။



**ရှင်းလင်းတင်ပြ**

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင်ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍လည်းကောင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များအား ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြပြီး RCSS အဖွဲ့မှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် မွန်ပြည်သစ်ပါတီ(NMSP)မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော်　မေ　၂၂**

တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့ကို ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ မွန်ပြည်သစ်ပါတီ(NMSP)မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် မော်လမြိုင်မြို့မှ နေပြည်တော်သို့ ရောက်ရှိကြသည်။



**ကြိုဆို**

မွန်ပြည်သစ်ပါတီဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဦးစီးဌာနမှတိုင်းရင်းသားတိုင်းရင်းသူများက ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရစသည့် စာသားပါဆိုင်းဘုတ်များကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကိုင်ဆောင်၍ လည်းကောင်း ကြိုဆိုကြသည်။

**သတင်းစဉ်**

■

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော်　မေ　၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ **မိုး/ဇလ**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံတွင် အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဆောင်ပုဒ်နှင့်အညီ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် ရပ်တည်လှုပ်ရှားပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်

**ရန်ကုန် မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံသို့တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ စာရေး ဆရာအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ လေးနှစ်တွင် တစ်ကြိမ်ကျင်းပရသည့် ယခုလို တတိယ အကြိမ်ညီလာခံတွင် နိုင်ငံတစ်ဝန်းမှ စုဝေးရောက်ရှိ လာကြသည့်ညီလာခံကိုယ်စားလှယ်များကို ဆုံတွေ့ရ သည့်အတွက် အလွန်ပင် ဝမ်းသာပီတိဖြစ်ရပါကြောင်း။

**ရည်ရွယ်ချက်လေးရပ်ဖြင့် ရပ်တည်**

မြန်မာနိုင်ငံစာရေးဆရာအသင်းသည် နိုင်ငံ အကျိုးပြု သုတ၊ ရသစာပေများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ စာပေလောကသားအချင်းချင်း၏ စည်းလုံးညီညွတ်မှုခိုင်မာရေးကို တိုးမြှင့်ဆောင်ရွက် ရန်၊ စာပေလောကသားအားလုံး၏ သာရေး၊ နာရေး ကိစ္စများကို ကူညီဆောင်ရွက်ရန်၊ ဂန္ထဝင်စာပေနှင့် ခေတ်ပြိုင်စာပေများကို စာဖတ်ပရိသတ်လက်ဝယ် သို့ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် ရပ်တည်လှုပ်ရှားခဲ့ရာ တတိယအကြိမ် ညီလာခံကျင်းပနိုင်သည့် အခြေအနေ အထိ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

အသင်း၏ ရည်ရွယ်ချက်လေးရပ်ကိုကြည့်လျှင် မွန်မြတ်လှသည့် ဦးတည်ချက်များဖြစ်သည့် အလျောက် ထိရောက်ပေါက်ရောက် အောင်မြင် အောင် မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက စွမ်းဆောင်နိုင်ရည်ရှိသည်မှာ သိသာနေပါကြောင်း။ တတိယအကြိမ် ညီလာခံတွင် တင်သွင်းထားသည့် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ ဖော်ပြချက် အရ မြို့နယ်ပေါင်း ၂၀၂ မြို့နယ်တွင် အသင်းဝင်ပေါင်း ၅၁၅၁ ဦးကျော်ရှိနေကြောင်း သိရသည့်အတွက် အားတက်ဂုဏ်ယူစရာကောင်းလှပါကြောင်း၊ ထို့အပြင် အသင်းသူ အသင်းသားများ၏ သာရေး၊ နာရေး ကိစ္စရပ်များ၊ စာပေဆိုင်ရာ ရပိုင်ခွင့်များ၊ မူပိုင်ခွင့်များ၊ စာတမ်းဖတ်ပွဲများ၊ မျိုးဆက်သစ်များအတွက် စာရေးနည်း အခြေခံသင်တန်းများ၊ နိုင်ငံတကာစာပေ နှင့် မြန်မာစာပေ အပြန်အလှန်ဖလှယ်ခြင်း၊ ဆွေးနွေး ခြင်း၊ နိုင်ငံတကာ ကဗျာရွတ်ဆိုပွဲများတွင် တက်ရောက် ရွတ်ဆိုကြခြင်း၊ မဲခေါင်စာပေဆုရကြခြင်း၊ (၁၀)ကြိမ် မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို အိမ်ရှင်နိုင်ငံ အဖြစ် အောင်မြင်ဝင့်ထည်စွာ လက်ခံကျင်းပနိုင်ခြင်း၊ နိုင်ငံတော်အဆင့်နှင့် ဌာနဆိုင်ရာ၊ အဖွဲ့အစည်း၊ ပုဂ္ဂလိက စာပေ၊ စာမူပြိုင်ပွဲများတွင် ဆုစိစစ်ရွေးချယ် ရေး တာဝန်များကို ပါဝင်ထမ်းဆောင်ခြင်း၊ အသက် (၈၀)နှင့် (၈၀)အထက် သက်ကြီးစာပေပညာရှင်ကြီး များကို နှစ်စဉ်ပူဇော်ကန်တော့ပွဲကျင်းပခြင်း၊ စာဖတ် ရှိန်မြင့်တင်ရေးနှင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သတင်း မီဒီယာကောင်စီတွင်လည်း ပါဝင်ထမ်းဆောင်ခြင်း၊ နိုင်ငံတော်အခမ်းအနားများတွင် တက်ရောက်ဂုဏ်ပြု ခြင်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ အသင်းကြီး၏ သဘောထားကြေညာချက်များ ထုတ်ပြန်ပြီး နိုင်ငံတော်၏ အကျိုးပြုဆောင်ရွက်ချက် များကို ထောက်ခံအားပေးခြင်း၊ ကျရာကဏ္ဍကနေပြီး တက်တက်ကြွကြွ တာဝန်ကျေပွန်စွာ ထမ်းရွက်ခြင်း စသည့် အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြောင်း သိရသည့်အတွက် အားရ ကျေနပ်မှုနှင့်အတူ အသင်းကြီးနှင့် အသင်းသူ အသင်းသားများကို ဂုဏ်ပြုအပ်ပါကြောင်း။

**ပြည်သူ့အကျိုးကို သယ်ပိုး**

ယခု တတိယအကြိမ်ညီလာခံတွင် တင်သွင်း ထားသည့် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ ပါ ရှေ့လုပ်ငန်းစဉ်(၆)ရပ်အနက် ဒုတိယရှေ့လုပ်ငန်း စဉ်ဖြစ်သည့် **"မြန်မာနိုင်ငံစာရေးဆရာအသင်းသည် ပါတီနိုင်ငံရေးဂိုဏ်းဂဏကင်းသည့် လူမှုရေးစာပေ အဖွဲ့အစည်းစစ်စစ်အဖြစ်၊ ဒီမိုကရေစီစနစ်နှင့်အညီ ရပ်တည်သွားရန်"**ဆိုသည့် ရှေ့လုပ်ငန်းစဉ်သည် အသင်း၏ စည်းလုံးညီညွတ်မှုကို အထောက်အကူပြု သလို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းကင်း၊ အမြင်ရှင်းရှင်းနှင့် သန့်ရှင်းစွာ ပံ့ပိုးကူညီနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယင်းရှေ့လုပ်ငန်းစဉ်ကို ကြိုဆိုဂုဏ်ပြုလိုပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ **"အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်"**ဆိုသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဆောင်ပုဒ်နှင့်အညီ စည်းစည်း လုံးလုံး၊ ညီညီညွတ်ညွတ်နှင့် ရပ်တည်လှုပ်ရှားသွားနိုင် ကြပါစေ၊ နိုင်ငံနှင့် ပြည်သူ့အကျိုးကို သယ်ပိုး ထမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုရင်း နိဂုံးချုပ် အပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကို ဒုတိယပိုင်းအစီအစဉ်အဖြစ် ကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းထံမှပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်း( မောင်စိမ်းနောင်- လယ်ဝေး)က ဖတ်ကြားသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုတင်(မစန္ဒာ)က ဒုတိယ အကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ်က ကျင်းပခဲ့ပြီး လေးနှစ်သက်တမ်း ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည် ဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ညီလာခံ နှစ်ခုအကြား၌ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ကြုံတွေ့ခဲ့ရသော အခက်အခဲ အကျပ်အတည်းများအားလုံးကို ဆွေးနွေး၊ ဖြည့်စွက် ၍ ပြင်ဆင်မှုများကို တင်သွင်းသွားမည်ဖြစ်ရာ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ် များအနေဖြင့် ဆွေးနွေး၊ အကြံပေး၊ အတည်ပြုပေးကြ ရန်ဖြစ်ကြောင်း၊ မေးမြန်းချက်များကို ဗဟိုအမှုဆောင် ကော်မတီက ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေး၊ အကြံပေးသွားမည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ်များပြီးဆုံးပါက ညီလာခံသက်တမ်း သည် ကုန်ဆုံးသွားပြီဖြစ်ရာ ဗဟိုအမှုဆောင် ကော်မတီဝင်အသစ်များကို ပြန်လည်ရွေးချယ် သွားမည်ဖြစ်ကြောင်း၊ ထိုသို့ရွေးချယ်ရာတွင် လူမှန်၊ နေရာမှန်ဖြစ်ရန်လိုအပ်ပြီး မြန်ဆန်စွာပြီးစီးရန် တက်ရောက်လာကြသော ကိုယ်စားလှယ်များက ရွေးချယ်ပေးကြရန် ပြောကြားသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် အသင်းဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင် ချက်တို့ကို မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်း ရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) က တင်သွင်းသည်။

ဆက်လက်၍ အစီရင်ခံစာများနှင့် စာတမ်းများ ကို ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးတင်ပြ ကြပြီး ဆွေးနွေးအကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ- ကြို့ပင်ကောက်) က ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြို့နယ်စွမ်းဆောင်ရည်ဆုကို မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုတင် (မစန္ဒာ)က တောင်ဥက္ကလာပမြို့နယ် စာရေးဆရာ အသင်းဝင်တို့ထံ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)က ကွယ်လွန်သွားကြသော သက်ကြီးစာပေပညာရှင်များ နှင့် စာရေးဆရာအသင်းဝင်တို့အတွက် ဝမ်းနည်း ကြောင်းသဝဏ်လွှာကို ဖတ်ကြားပြီး အသင်းအတွင်း ရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) က မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံ၌ တင်ပြချက်များကို ဆုံးဖြတ်ချက်ချမှတ် ကာ သဘာပတိ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်ချိုချိုတင်(မစန္ဒာ)က နိဂုံးချုပ်စကား ပြောကြားသည်။

**ရွေးချယ်တာဝန်ပေး**

ထို့နောက် တတိယပိုင်းအစီအစဉ်အဖြစ် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် သက်တမ်းကာလအတွက် ဗဟိုအမှုဆောင်ကော်မတီ များ ရွေးချယ်တင်မြှောက်ခြင်းကို ဆက်လက်ကျင်းပ ရာ ဥက္ကဋ္ဌအဖြစ် ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်- လယ်ဝေး)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုးမြင့်(စိုးမှူး)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ အတွင်း ရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးအောင်သန်းဦး(ပုသိမ် အောင်သန်းဦး)၊ တွဲဖက်အတွင်းရေးမှူး(၂) မောင်မောင်ကြည်(ရေနံ့မြေ- မောင်မောင်ကြည်)၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)၊ ဘဏ္ဍာရေးမှူး ဦးအေးမင်း [ဒေါက်တာအောင်ထက်-ဆေး(၁)]၊ စာရင်းစစ်ခေါင်းဆောင် ဦးညွန့်လှိုင်(မောင်မောင် ညွန့်လှိုင်)နှင့် ပြန်ကြားရေးမှူး ဦးတင်အောင်ရွှေ (ဒေါက်တာတင်အောင်ရွှေ)တို့ကို မြန်မာနိုင်ငံစာရေး ဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များ အဖြစ် ရွေးချယ်တာဝန်ပေးသည်။

ယင်းနောက် ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ- မောင်နိုင်မိုး)က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံအခမ်းအနား အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သင်းပျံ့မွှေးကြိုင် စာပန်းမြိုင်

(အိုင်ချင်း)

✍ ချစ်တဲ့သူငယ်လေ
ကဗျာရေးသူ၊ စာရေးသူရေ။

✍ ကဗျာရေးရေး၊ စာရေးရေး
ရေးဖွဲ့သီရာ၊ စေတနာမို့
ကဗျာလည်းလှ၊ စာလည်းလှသည်
အလှသစ်လွင် ယဉ်တော့တယ်။

✍ ကဗျာအလှ၊ စာအလှကို
ဘဝနဲ့ယှဉ်၊ အလှဆင်သည်
အလင်္ကာမြောက်လို့ သိမ်မွေ့တယ်။

✍ ကဗျာရေးသူ၊ စာရေးသူနှင့်
ထပ်တူခံစား၊ အတွေးပွားလို့
နီးကြားအသိ တိုးတော့တယ်။

✍ ကဗျာကပေး၊ စာကပေးသည့်
ပေးသည့်ရသ၊ နှလုံးလှကာ
သုတတစ်ဖုံ၊ အမြင်စုံသည်
ထုံသင်းကြိုင်လို့ မွှေးတော့တယ်။

✍ ကဗျာကိုချစ်၊ စာကိုချစ်၍
ချစ်မြတ်နိုးစွာ၊ ရေးဖွဲ့ပါသည့်
ကဗျာစာများ၊ တည်တံ့ပွားအောင်
ကြိုးစားကြစို့ ဖော်ချင်းတို့။

✍ အလိုလေ့အိုင်၊
"ဓမ္မအလှ၊ ဓမ္မပါသည့်
ဘဝကဗျာ၊ ဘဝစာ"ကို
အခါခါရေး၊
ကြောင်းကျိုးမြော်မြင်၊ ဆင်ခြင်တွေးတဲ့
လေးစားထိုက်သူ၊ လမ်းပြသူမို့
ဂုဏ်ယူမဆုံး၊ "အိုင်"ပန်းကုံးဖြင့်
ခြယ်မှုန်းဂုဏ်အင်၊ ဦးထိပ်တင်သည်
ဆင်စရာပန်း၊ အစဉ်ဖြာလန်းပါတဲ့
"စာပန်းမြိုင်"တယ်လေ။ ။

ရေနံ့သာမောင်ကျော်ညွန့်

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကို ဂုဏ်ပြုအပ်ပါသည်။

# နိုင်ငံတော်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေတူးဖော်ထုတ်လုပ်

နေပြည်တော် မေ ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ ယမန်နေ့တွင် ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)၊ ထောက်ရှာပင်/ ကမ်းနီရေနံမြေနှင့် မန်းရေနံမြေအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)သို့လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)အတွက်လိုအပ်သော ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်ပေးနေသည့် ထောက်ရှာပင်၊ ကမ်းနီရေနံမြေရှိ ရေနံမြေမှထွက်ရှိသည့်ရေနံစိမ်းများ လက်ခံသိုလှောင်ထားသော သံကန်တန်းများကိုလည်းကောင်း၊ တွင်း ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှု အဆင့်ဆင့်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန်းရေနံမြေအစည်းအဝေးခန်းမ၌ ထောက်ရှာပင်၊ ကမ်းနီနှင့် မန်းရေနံမြေတို့မှ ဝန်ထမ်းများ၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရေနံမြေအထွေထွေမန်နေဂျာများနှင့် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာတို့က ရေနံမြေများနှင့် စီမံကိန်းများအလိုက် လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် လိုအပ်သောစက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ မပြတ်တောက်စေရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်မီအောင် ဖြန့်ဖြူးပေးနိုင်ရေးတို့သည် မိမိတို့ဝန်ကြီးဌာနများ၏ အရေးကြီးလုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ကြောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)အနေဖြင့် စက်ရုံ၏အဓိကထုတ်ကုန်များဖြစ်သော လေယာဉ်ဆီ၊ ဓာတ်ဆီ၊ မီးထိုးဆီ၊ ရေနံမီးသွေးနှင့် ရေနံဓာတ်ငွေ့ရည်တို့ကို ထုတ်လုပ်ပေးလျက်ရှိပြီး စက်ရုံပုံမှန်လည်ပတ်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရေနံမြေများအနေဖြင့် နိုင်ငံတော်အတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သောရေနံနှင့် သဘာဝဓာတ်ငွေ့ ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေတူးဖော်ထုတ်လုပ်သွားရန်ဖြစ်ကြောင်းပြောကြားပြီး ရေနံမြေလုံခြုံရေးနှင့် လိုအပ်သည့်လုံခြုံရေးကို ရေနံမြေလုံခြုံရေး ရဲတပ်ဖွဲ့မှူးနှင့် ဌာနမှ လုံခြုံရေးဝန်ထမ်း တိုးချဲ့ခန့်ထားမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)၊ ရေနံမြေများမှ ဝန်ထမ်းများကို သစ်သီးခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်း ပညာရပ်များအားလုံးကို အမှန်တကယ် တတ်မြောက်ကျွမ်းကျင်အသုံးချနိုင်ရေး လေ့ကျင့်သင်ကြား

နေပြည်တော် မေ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာရှိ ပုသိမ်ကြီး လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိကြပြီး လူငယ်သင်တန်းကျောင်းများတွင် သင်တန်းသားများ စည်းကမ်းတကျရှိစေရေး၊ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပွားစေရေး၊ သင်တန်းကျောင်းလက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေး၊ သက်ဆိုင်သူများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပနိုင်ရေး၊ ကျောင်းသားများ အားကစားအတွက် ဖူဆယ်ဘောလုံးကွင်း တည်ဆောက်ပေးနိုင်ရေး၊ လုံခြုံရေးအတွက် သင်တန်းကျောင်းမြေဧရိယာကို ခြံစည်းရိုးကာရံနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အိမ်တွင်းမှုလုပ်ငန်းများ သင်ယူပို့ချပေးနေမှုအခြေအနေနှင့် စာတတ်မြောက်နိုင်ရေး သင်ယူပို့ချပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး သင်တန်းသားများကို တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းကျောင်းအဆောင်များတွင် တာဝန်ယူလုပ်ဆောင်နေရသော ဝန်ထမ်းများ တွေ့ကြုံရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးမေးမြန်းပြီး ကျောင်းပြင်ပ ပညာရေးအတွက် တက်ကြွစွာ သင်ယူတတ်မြောက်နိုင်ရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ သင်ယူပို့ချပေးနေမှုအခြေအနေများနှင့် သင်တန်းသားများ၏ စားသောက်နေထိုင်မှုကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး သင်တန်းသားများကို တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းကျောင်းမှ ထွက်ရှိသည့် လက်မှုပစ္စည်းများ ဈေးကွက်ဝင်စေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် သင်တန်းကျောင်းအတွက် ဖြည့်ဆည်းပေးရမည့်အချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့်အတူ ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ သင်တန်းသူများ သင်ယူလေ့ကျင့်ဖွင့်လှစ်ထားရှိသည့် ခရေရိပ် အလှပြုပြင်ဆိုင်သို့ ရောက်ရှိကြပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ သင်တန်းကျောင်းမှ ပို့ချပေးနေသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များအားလုံးကို အမှန်တကယ် တတ်မြောက်ကျွမ်းကျင်အသုံးချနိုင်ရေး လေ့ကျင့်သင်ကြားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် အမျိုးသားပြတိုက်(ရန်ကုန်)တို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းသည် ယနေ့နံနက်ပိုင်းက အမှတ်(၂၅) ဗိုလ်ချုပ်ပြတိုက်လမ်း ဗိုလ်ချို(၁) ရပ်ကွက် ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သို့ ရောက်ရှိပြီး ပြတိုက်ဝင်းအတွင်း



စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ၊ ထမင်းစားခန်း၊ ဧည့်ခန်း၊ စာဖတ်ခန်း၊ အစည်းအဝေးခန်း၊ အိပ်ခန်း၊ ကလေးများအိပ်ခန်း၊ ဗိုလ်ချုပ်အသုံးအဆောင်များ၊ စာအုပ်များနှင့် ဗိုလ်ချုပ်အသုံးပြုခဲ့သော မော်တော်ယာဉ် ပြခန်းများသို့ လှည့်လည် ကြည့်ရှုခဲ့ပြီး အဆောက်အအုံကြံ့ခိုင်ရေးအတွက် ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ အဆောက်အအုံအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ရန်၊ ရေရှည်ကြံ့ခိုင်ရေးနှင့် သာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမျိုးသားပြတိုက် (ရန်ကုန်)သို့ ရောက်ရှိရာ အမျိုးသားပြတိုက် (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ပြတိုက်၏ သမိုင်းကြောင်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များ၊ ပြတိုက်ဝင်ကြေးများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်စစ်ဆေး**

ဆက်လက်၍ ပြတိုက်မြေညီထပ်ရှိ မြန်မာအက္ခရာနှင့် လက်ရေးမူ ပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ စတုတ္ထထပ်ရှိ ဗုဒ္ဓအနုပညာပြခန်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ တတိယထပ်ရှိ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်းနှင့် မြန်မာပန်းချီ ခန်းမဆောင်၊ ပထမထပ်ရှိ မင်းခမ်းတော်ပစ္စည်းများပြခန်းသို့ လှည့်လည်စစ်ဆေးခဲ့ပြီး ပြတိုက်ရှိ စုဆောင်းထားသော ပစ္စည်းများကိုပါ ခင်းကျင်းပြသရေးအတွက် လုံခြုံရေးနှင့် ပြသရေးတို့ကို လျာထားစီစဉ်ထားရန်၊ တိုင်းရင်းသားများ ဝတ်စားဆင်ယင်မှု ပြည့်ပြည့်စုံစုံ စုဆောင်းခင်းကျင်းပြသရန်၊ ပြတိုက်ဝန်ထမ်းများ ပြည့်စုံအောင်ခန့်ထားရန်၊ ပြတိုက်ပညာရှင်များ ပြုစုပျိုးထောင်ရေးအတွက် ဘွဲ့လွန်သင်တန်းများပါ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ Digital Museum များ အခန်းကဏ္ဍ တိုးမြှင့်စီစဉ်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# အောင်ပွဲရအားကစားသမားတွေကို ပထမဆု ငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၀၊ တတိယဆု ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်တဲ့အပြင် အသင်းအဖွဲ့ချုပ်တွေရဲ့ နည်းပြတွေကိုလည်း ရွှေ၊ ငွေ၊ ကြေးအလိုက် ဆုကြေးတွေ သတ်မှတ်ပေးပြီးသားဖြစ်ပါတယ်

**ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ



ရွှေတံဆိပ်ဆုရ ရဲထွန်းနောင်



ရွှေတံဆိပ်ဆုရ မခင်ချယ်ရီသက်



ရွှေတံဆိပ်ဆုရ မောင်သိန်းသန်းဦး



ငွေတံဆိပ်ဆုရ ခင်မောင်ကျော်



ကြေးတံဆိပ်ဆုရ မချစ်ဖူးငုံနှင့်အဖွဲ့

ရန်ကုန် မေ ၂၂

၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့နှင့် အခြားဆက်စပ်မြို့များ၌ ကျင်းပနေသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့သည် ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ မေ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည်။

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ**က " ကျွန်တော့်နိုင်ငံအတွက် ကျွန်တော်တအားဂုဏ်ယူတယ်။ အဓိကနှစ်ချက်ပေါ့။ ပထမတစ်ချက်က နိုင်ငံတော်အစိုးရအနေနဲ့ ယခင်နှစ်ကထက်ပိုပြီး အများကြီးအားပေးမှုတွေ ဆောင်ရွက်ပေးပါတယ်။ ဒုတိယတစ်ချက်ကတော့ ကလေးတွေဟာ မိမိနိုင်ငံအတွက် မိမိလူမျိုးအတွက် ဂုဏ်ယူစွာနဲ့ အားသွန်ခွန်စိုက် ပြိုင်ပွဲနောက်ဆုံးအချိန်အထိ ကြိုးစားကြလို့ ဒီလိုအောင်ပွဲတွေရရှိတာပါ။ ဒီလိုမျိုးဖြစ်လာတာကလည်း နိုင်ငံတော်ရဲ့ ပံ့ပိုးမှုပါ။ ကလေးတွေရဲ့ အင်မတန် နိုင်ငံတော်အပေါ် ချစ်တဲ့စိတ်၊ လူမျိုးအပေါ် ချစ်တဲ့စိတ်နဲ့ဆောင်ရွက်ကြလို့ စည်းလုံးညီညွတ်မှုရှိလို့ ထိုက်သင့်တဲ့အောင်မြင်မှုတစ်ခု ရရှိခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ကျွန်တော့်အတွေ့အကြုံအရပြောရရင် နိုင်ငံတော်ကချီးမြှင့်ခဲ့တာ တစ်ခါမှဒီလောက်မများခဲ့ဘူးလို့ သိရတယ်။ ဒီနေ့ဒီအချိန်ခါမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေနဲ့ အားကစားဟာ နိုင်ငံတစ်ခုရဲ့ ပုံရိပ်ဖြစ်တယ်။ အာဆီယံ ၁၁ နိုင်ငံမှာ ကစားကြတဲ့အခါမှာ တို့ပုံရိပ်ကို မညှိုးနွမ်းအောင် ကြိုးစားကြရမယ်လို့ နိုင်ငံတော်အကြီးအကဲက အောင်နိုင်ရေးအလံပေးအပ်ပွဲမှာ မှာကြားပါတယ်။ ကလေးတွေကလည်း အဲဒီကတည်းကပဲ အလွန်အားတက်သရော အားသွန်ခွန်စိုက် မိမိနိုင်ငံအတွက်၊ မိမိလူမျိုးအတွက် ကြိုးစားဆောင်ရွက်ကြမယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေလည်း အားလုံးလန်းလန်းဆန်းဆန်း တက်တက်ကြွကြွနဲ့ သွားရောက် ယှဉ်ပြိုင်ကြတာပါ။ အောင်ပွဲရအားကစားသမားတွေကို ပထမဆု ငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၀၊ တတိယဆု ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်တဲ့အပြင် အသင်းအဖွဲ့ချုပ်တွေရဲ့ နည်းပြတွေကိုလည်း ရွှေ၊ ငွေ၊ ကြေးအလိုက် ဆုကြေးတွေသတ်မှတ်ပေးပြီးသား ဖြစ်ပါတယ်။ ဒါတွေကို ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားနဲ့ ဆောင်ရွက်ပေးသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ထို့နောက် **ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ ရွှေတံဆိပ်ဆုရှင် ရဲထွန်းနောင်(+၇၀) ကီလို** က " ရွှေတံဆိပ်ဆုရခဲ့တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာရပါတယ်။ ဒီပွဲအတွက် ပြင်ဆင်ခဲ့တာ တစ်နှစ်ခွဲနီးပါးလောက်ရှိပြီ။ လေ့ကျင့်မှုကို အကောင်းဆုံးပြင်ဆင်တယ်။ ပြိုင်ဘက်ကစားသမားတွေကို လေ့လာတယ်။ ကျွန်တော်တို့အဖွဲ့ချုပ်တွေမှာလုပ်တဲ့ ပွဲတွေမှာလည်း ပထမနှစ်ခါလောက်ရတယ်။ ဒီပွဲကို ထိုက်ထိုက်တန်တန်နဲ့ တက်လှမ်းပြီးတော့မှ ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့တာပါ။ အရင်ပွဲတွေထက်ကို အများကြီးကြိုးစားပြီး အပင်ပန်းခံထားရတာပါ။ ကိုယ်ပင်ပန်းခံပြီး ထိုက်ထိုက်တန်တန်ရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။

ပြိုင်ပွဲတစ်ပွဲပြိုင်ပြီဆိုတာနဲ့ အားကစားသမားတိုင်းက ရွှေပဲလိုချင်ကြတာပါ။ ကျွန်တော့်ရဲ့ အကောင်းဆုံးယှဉ်ပြိုင်မှုနဲ့ပဲ ပြိုင်ဘက်တွေကို ကျော်လွှားပြီး ဒိုင်တွေကပေးတဲ့အမှတ်နဲ့ ကျွန်တော်ရခဲ့တာပါ။ နိုင်ငံတကာအလယ်မှာ ကိုယ့်ရဲ့နိုင်ငံအလံကို လွှင့်ထူနိုင်ခဲ့တဲ့ ဂုဏ်သိက္ခာတစ်ခုရခဲ့တဲ့အတွက် ဒီလိုပွဲမျိုးကလည်း ကျွန်တော်စောင့်စားခဲ့တာကြာပါပြီ။ ၁၁ နှစ်လောက်စောင့်ခဲ့ပြီးမှ ဒီပွဲကိုပြိုင်ခဲ့တာပါ။ ၁၁ နှစ်လောက်စောင့်ခဲ့ပြီးမှ ပြိုင်ရတဲ့ဒီပွဲမှာ အခုလို ရွှေတံဆိပ်ဆု ထိုက်ထိုက်တန်တန်ရခဲ့တယ်ဆိုတော့ ကျွန်တော်ဝမ်းသာဂုဏ်ယူလို့ မဆုံးဘူး။ အဘက်ဘက်မှကူညီပေးတဲ့ ကျွန်တော့်ရဲ့နည်းပြဆရာတွေ၊ အဖွဲ့ချုပ်က ကျွန်တော်တို့ ဥက္ကဋ္ဌဦးညီညီကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ပံ့ပိုးပေးတဲ့ လူကြီးတွေအကုန်လုံး ကျေးဇူးတင်ပါတယ်'' ဟုပြောသည်။

**ပီတန်းအားကစားနည်းမှ ရွှေတံဆိပ်ဆုရှင် ခင်ချယ်ရီသက် ( Women Shooting)**က " ကြိုးစားတာကတော့ သူများထက်ပိုပြီး ကြိုးစားခဲ့ပါတယ်။ ဒါကြောင့် ရွှေတံဆိပ်ဆုကို ရရှိခဲ့တာပါ။ လာပြိုင်တဲ့နိုင်ငံအကုန်လုံးကို ပြိုင်ဘက်အနေနဲ့ ယှဉ်ပြိုင်ခဲ့ရတာပါ။ ဆီမီးဖိုင်နယ်နဲ့ ဖိုင်နယ်မှာတော့ ကမ္ဘောဒီးယားနဲ့ လာအိုကို ယှဉ်ပြိုင်ရတာပါ။ ဒီအားကစားနည်းကို အသက် ၂၀ ထဲက ကစားခဲ့တာပါ။ ပြည်ပပြိုင်ပွဲတွေမှာ ကြေးတံဆိပ်ဆုတွေ ရရှိခဲ့ပါတယ်။ ရွှေတံဆိပ်က ဒါပထမဆုံး ရရှိခဲ့တာပါ။

အခုလို ရွှေတံဆိပ်ဆုရရှိခဲ့တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကိုယ့်နိုင်ငံတော်အလံကို တခြားနိုင်ငံမှာလွှင့်ထူပြီး သူများနိုင်ငံသားတွေက အလေးပြုတာကိုခံရတဲ့အတွက် အတိုင်းမသိကို ပီတိဖြစ်ပါတယ်'' ဟုပြောသည်။

**ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ်ဆုရှင် သိန်းသန်းဦး ( နန်းကွန့်တုတ်ရှည်)**က " ဒီရွှေတံဆိပ်က ကျွန်တော့်အတွက် နှစ်ခုမြောက်ပါ။ ၂၀၁၇ တုန်းကလည်းတစ်ကြိမ် ရွှေတံဆိပ်ရယူခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အဓိကပြိုင်ဘက်က အိမ်ရှင်ဗီယက်နမ်ရယ်၊ အင်ဒိုနီးရှားရယ် သူတို့နှစ်ယောက်ထက်ကို အမှတ်အသာစီးရပြီး အခုလို ရွှေတံဆိပ်ဆုရရှိခဲ့တာပါ။

ကျွန်တော်တို့ အခုလို ပြိုင်ခွင့်ရတာ နည်းပြတွေ၊ အုပ်ချုပ်သူတွေရော ဝန်ကြီးအပါအဝင် အစစအရာရာ ကူညီပေးခဲ့ကြတဲ့ လူကြီးမင်းများကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော် ရွှေတံဆိပ်ရတဲ့နေ့မှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေါ်လာ ၃၀၀၀ ချက်ချင်းဆုချီးမြှင့်ခဲ့ပါတယ်။ ကစားသမားသက်တမ်း ၁၇ နှစ်လောက်ရှိပါတယ်'' ဟုပြောသည်။

**အပြည်ပြည်ဆိုင်ရာ လှေလှော်အားကစားနည်း၊ ကိုယ်အလေးချိန်ပေါ့ အမျိုးသမီးလေးတက်လှော်ပြိုင်ပွဲ( ကြေးတံဆိပ် ) အဖွဲ့ဝင် ချစ်ဖူးငုံ**က "အကောင်းဆုံးတော့ ကြိုးစားခဲ့ပါတယ်။ သူများမြေမှာ သူများလှေ၊ သူများရေနဲ့ ပြိုင်ရတာဆိုတော့ အခက်အခဲတော့ရှိတယ်။ ကိုယ့်အားကစားသမားအချင်းချင်းပဲ အားပေးနိုင်တယ်။ ကိုယ့်မြေနဲ့ဝေးတဲ့အခါကျတော့ အားပေးတဲ့သူကနည်းတယ်။ ဒါပေမယ့် နိုင်ရမယ်ဆိုလို့ စိတ်တင်းပြီး ကိုယ့်နိုင်ငံအတွက်ရည်မှန်းပြီး ပြိုင်ပွဲဝင်ခဲ့တာပါ။ နောက်ပြိုင်ပွဲတွေမှာလည်း အခုထက်ပိုပြီး အကောင်းဆုံးကြိုးစားသွားမှာပါ'' ဟုပြောသည်။

**ကာယဗလနှင့် ကာယ ကြံ့ခိုင်မှု အားကစားနည်းမှ ငွေတံဆိပ်ဆုရှင် ကိုခင်မောင်ကျော်**က" ပြိုင်ခဲ့တဲ့တန်းကတော့ ၈၅ kg ပေါ့ ဒုတိယရခဲ့တယ်။ ကာယဗလမောင်ပြိုင်တာပါ။ ပထမ SEAGAMES က ၂၀၂၁ ခုနှစ် ၁၁ လပိုင်းမှာလုပ်မယ်ဆိုပြီး ကိုဗစ်ဖြစ်တော့ နောက်ဆုတ်သွားတာ ရက်ရှည်သွားတော့ လူလည်းတော်တော် ပင်ပန်းသွားတယ်။ အကုန်အကျလည်းများတော့ တော်တော်လေးကြိုးစားရတယ်။ သွားပြိုင်ကတည်းကတော့ ရွှေပဲမှန်းတာပေါ့။ ကိုယ့်ထက်ပိုကောင်းတဲ့ ကမ္ဘာ့ချန်ပီယံနဲ့တွေ့တာပေါ့။ မျိုးဆက်သစ်တွေ ဘယ်အားကစားနည်းဖြစ်ဖြစ် ကစားစေချင်တယ်။ အားကစားဆိုတာကလည်း နောင်လာနောက်သားရှိမှ အားကစားကဏ္ဍဖွံ့ဖြိုးမှာပါ'' ဟုပြောသည်။

ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မေ ၂၂ ရက်အထိ စုစုပေါင်းရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု ရရှိထားကြောင်း သိရသည်။

**သတင်း – နဒီမင်း၊ ဓာတ်ပုံ – ဇော်မင်းလတ်**



(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားများအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

❋ ကျောဖုံးမှ

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားနည်းမှ ရဲထွန်းနောင် (+၇၀)ကီလို၊ ဝူရှူးအားကစားနည်းမှ သိန်းသန်းဦး (နန်းကွန့်)တုတ်ရှည်၊ ပီတန်းအားကစားနည်းမှ ခင်ချယ်ရီသက်(Women Shooting)၊ ပြိုင်ပွဲအသီးသီးမှ ငွေတံဆိပ်ဆုရရှိသူများ၊ ကြေးတံဆိပ်ဆုရရှိသူများနှင့်အတူ စစ်တုရင်၊ E-Sports၊ အမျိုးသမီးဘောလုံး၊ အမျိုးသားဘော်လီဘောအားကစားနည်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးများ ပြန်လည်လိုက်ပါလာကြသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မေ ၂၂ ရက်အထိ ဗိုဗီနမ်အားကစားနည်းမှ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခြောက်ခု၊ ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ Kurash အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ဘိလိယက်နှင့် စနူကာအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု၊ ပီတန်းအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ဂျူဒိုအားကစားနည်းမှ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ငွေတံဆိပ် နှစ်ခု၊ သေနတ်ပစ်အားကစားနည်းမှ ငွေတံဆိပ် နှစ်ခု၊ ကနူး/ကယက်အားကစားနည်းမှ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် ခြောက်ခု၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု၊ အပြည်ပြည်ဆိုင်ရာ လေ့လှော်အားကစားနည်းမှ ကြေးတံဆိပ် သုံးခု၊ လက်ဝှေ့အားကစားနည်းမှ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ မြားပစ်အားကစားနည်းမှ ကြေးတံဆိပ် တစ်ခု၊ အလေးမအားကစားနည်းမှ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခုနှင့် ကြေးတံဆိပ် ၃၅ ခုရရှိခဲ့ကြောင်း သိရသည်။



(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

**သတင်းစဉ်**

## 42nd Queen Sirikit Cup ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အဖွဲ့ ထွက်ခွာ

**ရန်ကုန် မေ ၂၂**

၂၀၂၂ ခုနှစ် မေ ၂၃ ရက်မှ၂၇ ရက်အထိ စင်ကာပူနိုင်ငံ Laguna National Golf Resort Club ၌ ကျင်းပမည့် 42nd Queen Sirikit Cup ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။



**ပါဝင်ယှဉ်ပြိုင်မည်**

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်အောင်(မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် မျိုးဆက်သစ်လူငယ်ဂေါက်သီးအားကစားသမားများဆပ်ကော်မတီဥက္ကဋ္ဌ) အားကစားသမားများအဖြစ် ဖူးပွင့်ရတီခိုင်၊ မိုးပြည့်စုံခင်နှင့် ဇေယျာဝေဖူးတို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲတွင် ဩစတေးလျ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ မြန်မာ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ အားကစားသမား ၃၉ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MGF**

❂ (၃၁)ကြိမ်မြောက်မှ

မောင်ဟိန်းထက်အောင်နှင့် မောင်ကျော်သူစိုးအောင်တို့က ကိုးခုမြောက်ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး (၆၀)ကီလိုတန်း(အတိုက်)ပွဲစဉ်၌ မရွှေသက်ထားက ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Bac Ninh Gymnasium အားကစားရုံ၌ လက်ဝှေ့အားကစားနည်းမှ (-၅၇)ကီလိုတန်းပွဲစဉ်၌ မောင်နိုင်လတ်က ငွေတံဆိပ်ဆုကို လည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟန္နိုင်းမြို့ရှိ Hanoi National Sport Training Centre အားကစားရုံ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ Hanoi Sport Training Centre အားကစားရုံ၌ ကျင်းပလျက်ရှိသည့် အလေးမအားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် Bac Ninh Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် လက်ဝှေ့အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ Soc Son Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဗိုဗီနမ်အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ အလေးမ၊ ဂျူဒို၊ ဗိုဗီနမ်၊ လက်ဝှေ့ အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပြီ မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခုနှင့် ကြေးတံဆိပ် ၃၅ ခုတို့ ဆွတ်ခူးရရှိထားပြီး စုစုပေါင်းဆုတံဆိပ် ၆၂ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှုအဆင့် ခုနစ်တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်မြောက် ဆွတ်ခူး

၂၀၂၁-၂၀၂၂ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပွဲစဉ်(၃၈)ပွဲစဉ်တွေကို မေ ၂၂ ရက်ညပိုင်းမှာ တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့ရာမှာ မန်စီးတီးအသင်းက အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ရမှတ်စုစုပေါင်း ၉၃ မှတ်ရရှိကာ ပရီမီယာလိဂ်ဖလားကို ခြောက်ကြိမ်မြောက် ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။



လီဗာပူးအသင်းကတော့ ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပေမယ့် ရာသီသိမ်းချိန်မှာ ရမှတ်စုစုပေါင်း ၉၂ မှတ်သာ စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

ယခု ပရီမီယာလိဂ်ဘောလုံးရာသီပိတ်ပွဲစဉ်တွေမှာ ချယ်လ်ဆီးအသင်းက ဝက်ဖို့ဒ်ကို အနိုင်ရရှိခဲ့သလို စပါးအသင်းကလည်း နော့ဝှစ်ချ်အသင်းကို အနိုင်ရရှိခဲ့လို့ ချယ်လ်ဆီးအသင်းက ရမှတ်စုစုပေါင်း ၇၄ မှတ်ရရှိခဲ့ပြီး စပါးအသင်းက ရမှတ်စုစုပေါင်း ၇၁ မှတ်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ဟာ လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

ဒါ့ပြင် အာဆင်နယ်အသင်းဟာလည်း နောက်ဆုံးပွဲစဉ်မှာ အဲဗာတန်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ရမှတ်စုစုပေါင်း ၆၉ မှတ်ရရှိခဲ့လို့ လာမယ့်ရာသီယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းနဲ့အတူ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့တဲ့အသင်းကတော့ မန်ယူအသင်းဖြစ်ပြီး မန်ယူအသင်းဟာ ခရစ္စတယ်ပဲလေ့အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ်စုစုပေါင်း ၅၈ မှတ်ရရှိကာ ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။

ပရီမီယာလိဂ်ပြိုင်ပွဲပြီးဆုံးချိန်မှာ လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့တဲ့ အသင်းခြောက်သင်းထွက်ပေါ်ခဲ့သလို ဘန်လေအသင်း၊ ဝက်ဖို့ဒ်အသင်းနဲ့ နော့ဝှစ်ချ်အသင်းတို့ဟာလည်း ပရီမီယာလိဂ်ပြိုင်ပွဲကနေ ချန်ပီယံရှစ်ပြိုင်ပွဲဆီ တန်းဆင်းသွားခဲ့ရပြီ ဖြစ်ပါတယ်။

ပရီမီယာလိဂ် ရွှေဖိနပ်ဆုကိုတော့ သွင်းဂိုး ၂၃ ဂိုးစီရရှိခဲ့တဲ့ စပါးတိုက်စစ်မှူး ဆွန်ဟောင်မင်နဲ့ လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလာတို့က ပူးတွဲရရှိခဲ့ပြီး ပရီမီယာလိဂ် ရွှေလက်အိတ်ဆုကိုတော့ လီဗာပူးဂိုးသမား အဲလစ်ဆင်နဲ့ မန်စီးတီးဂိုးသမား အီဒါဆန်တို့က ပူးတွဲရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အိမ်ရှင်ဗီယက်နမ်အသင်း ရွှေတံဆိပ်ရရှိ

**ရန်ကုန် မေ ၂၂**

(၃၁)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ ဆက်လက်ကျင်းပရာ အိမ်ရှင် ဗီယက်နမ်အသင်း ရွှေတံဆိပ်ရရှိခဲ့သည်။

ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိပြီး တစ်ရက်အကြာမှာပင် အမျိုးသားဘောလုံးပြိုင်ပွဲ၌ ရွှေတံဆိပ် ထပ်မံရယူနိုင်ခဲ့သည်။ ထိုင်းအသင်းအနေဖြင့် ရွှေတံဆိပ်ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဗီယက်နမ်အသင်းသည် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၃ မိနစ်တွင် မန်ဒူနမ်က သွင်းယူခဲ့သည်။ ဗီယက်နမ်အသင်းသည် ဆီးဂိမ်းရွှေတံဆိပ်ဆုကို သုံးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲတွင် အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ ပွဲချိန်အတွင်း တစ်ဂိုးစီသရေကျနေသဖြင့် ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ အင်ဒိုနီးရှားအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ အမျိုးသားဘောလုံးပြိုင်ပွဲအပြီးတွင် ဗီယက်နမ်အသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ကြေးတံဆိပ် ရရှိခဲ့သည်။

**ကိုညီလေး**

## ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား မန္တလေးနည်းပညာတက္ကသိုလ်၌ ကျင်းပ

**မန္တလေး မေ ၂၂**

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့နယ် မန္တလေးနည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်စိန်လွင်၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကာ သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။



ယနေ့အခမ်းအနားတွင် ကျွန်း ၂၉၁ ပင်၊ ကံ့ကော် ၅၈ ပင်၊ ခရေပင် ၆၀၊ မယ်ဇယ် ၅၈ ပင်၊ မဟော်ဂနီ ငါးပင်၊ ပျဉ်းကတိုး ငါးပင်၊ ပိတောက် ၂၁ ပင်၊ ယင်းမာ တစ်ပင်၊ တမလန်း ငါးပင် စုစုပေါင်း ၅၀၄ ပင်ကို စိုက်ပျိုးခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မိုးရာသီတွင် ပျိုးပင်စုစုပေါင်း ၁၂၀၀၀၀၀ အား တစ်အုပ်တစ်မ စိုက်ပျိုးနိုင်ရန် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအဖွဲ့များနှင့် ပြည်သူလူထုသို့ ဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွင့်တန်ဆာမြို့ ရွှေကျင်နိကာယ ပွင့်တန်ဆာဝိနည်းစာပြန်ဌာနဥက္ကဋ္ဌ ရတ္တညူမဟာနာယက ဓမ္မာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်၏သက်တော် (၁၀၀)ပြည့်ပူဇော်ပွဲအခမ်းအနားကို မေ ၂၂ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အလှူရှင်များက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။ နေလင်း(ညောင်လေးပင်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင်အားကစားကွင်း၌ ပြုလုပ်သည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများ၊ အမျိုးသားရေးဆရာတော်များ၊ ငြိမ်းချမ်းရေးကို လိုလားသူ ပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ခန့် တက်ရောက်ကြသည်။



ဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်သီချင်းကိုသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် ငြိမ်းချမ်းရေးကို လိုလားသူ အမျိုးသားရေးဦးဆောင် ဆရာတော်များနှင့် စာရေးဆရာ၊ ဆရာမများက ငြိမ်းချမ်းရေး ကြိုးပမ်းမှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲပြုလုပ်ရသည့်အကြောင်းနှင့် ငြိမ်းချမ်းရေးပန်းတိုင်ဆီ တို့သွားမည်ဟူသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာတော်များဦးဆောင်၍ ငြိမ်းချမ်းရေး ချိုးဖြူငှက်များကို အထိမ်းအမှတ်အဖြစ် လွှတ်ပေးကြသည်။ ဆက်လက်၍ ငြိမ်းချမ်းရေးလိုလားသူပြည်သူများက "ပြည်ထောင်စုမပြိုကွဲရေး–ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး – ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး– ဒို့အရေး၊ ပြည်ပစွက်ဖက်မှုအန္တရာယ် ဆန့်ကျင်တိုက်ဖျက်ရေး– ဒို့အရေး၊ ငြိမ်းချမ်းရေးပျက်ပြားအောင် ဖျက်ဆီးနေသူများကျဆုံးရေး– ဒို့အရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးအောင်ရမည်" စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ထောက်ခံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့လက်ရွေးစင်အသင်း ဟောင်ကောင်၊ ဘာရိန်းအသင်းများနှင့် ခြေစမ်းမည်

**ရန်ကုန် မေ ၂၂**

မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာ ခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



မြန်မာ့လက်ရွေးစင်အသင်း ဗန်ကောက်မြို့၌ လေ့ကျင့်နေစဉ်။

မြန်မာ့လက်ရွေးစင်အသင်းသည် အကြိုပြင်ဆင်မှုများ ပြုလုပ်ရန် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ ထွက်ခွာသွားပြီး မေ ၂၂ ရက် ညနေပိုင်းမှစတင်ကာ ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲများအဖြစ် မေ ၂၄ ရက်တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် Training Match လေ့ကျင့်ခြေစမ်းပွဲ၊ မေ ၂၇ ရက်တွင် ဘာရိန်း လက်ရွေးစင်အသင်းနှင့် ဖီဖာ(A)အဆင့် နိုင်ငံတကာ ခြေစမ်းပွဲတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ် အန်တွမ်နီဟေးက ပဏာမကစားသမား ၂၇ ဦးဖြင့် ဖွဲ့စည်းထားပြီး ယင်းခြေစမ်းပွဲများအပြီးတွင် အပြီးသတ်လူစာရင်း ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် အိမ်ရှင် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ စင်ကာပူအသင်းများနှင့် အုပ်စု(F)၌ ကျရောက်နေသည်။ မြန်မာအသင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Alpine Training Camp တွင် လေ့ကျင့်မှုများပြုလုပ်ကာ ခြေစမ်းပွဲများ ကစားပြီးနောက် ဇွန် ၃ ရက်တွင် အာရှခြေစစ်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားရန် ကာဂျစ္စတန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည် ဖြစ်သည်။ **သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

## ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) သင်တန်းဆင်းပွဲ ကျင်းပ

**တောင်ကြီး မေ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရှမ်းပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေက သင်တန်းတက်ရောက်သူများ အနေဖြင့် သင်တန်းကာလအတွင်း ကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ကို ကြိုးစားသင်ယူခဲ့ကြသည့်အတွက် များစွာကျေးဇူးတင်ပါကြောင်း၊ လူငယ်များဗလငါးတန် ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းသည့် သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် တက်ရောက်ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တောင်ကြီးခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက သင်တန်းဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

■



# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဂျပန်နိုင်ငံသို့ ရောက်ရှိ



**တိုကျို မေ ၂၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် တောင်ကိုရီးယားနိုင်ငံသို့ သုံးရက်တာ အလည်အပတ်ခရီး သွားရောက်ခဲ့ပြီးနောက် မေ ၂၂ ရက်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါဖူမီယိုတို့သည် မေ ၂၃ ရက်တွင် တိုကျိုမြို့၌ တွေ့ဆုံမည်ဖြစ်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျိုးဘိုင်ဒင်၏ ဂျပန်နိုင်ငံခရီးစဉ်သည် ၎င်းအာဏာရရှိပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါနှင့် တွေ့ဆုံပြီးနောက် မေ ၂၄ ရက်တွင် ဂျပန်၊ အမေရိကန်၊ ဩစတြေးလျနှင့် အိန္ဒိယလေးနိုင်ငံ ထိပ်သီးအစည်းအဝေး (Quad) သို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်-ဂျပန် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး၌ ဒေသတွင်း လုံခြုံရေးအပါအဝင် ယူကရိန်းအရေး၊ စီးပွားရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် မြောက်ကိုရီးယားလက်နက် ကင်းစင်ပပျောက်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက မီဒီယာသို့ ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဩစတြေးလျရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် စကော့မောရစ်ဆင် ရှုံးနိမ့်

**ကင်ဘာရာ မေ ၂၂**

လက်ရှိဝန်ကြီးချုပ် စကော့မောရစ်ဆင်သည် ဩစတြေးလျနိုင်ငံ၌ မေ ၂၁ ရက်က ကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ် ဖက်ဒရယ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် စကော့မောရစ်ဆင်သည် မေ ၂၁ ရက်ညပိုင်းက ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်တွင် ရွေးကောက်ပွဲ အနိုင်ရရှိခဲ့သည့် အတိုက်အခံအလုပ်သမားပါတီခေါင်းဆောင် အန်သိုနီအယ်လ်ဘာနိစ်အား ချီးကျူးဂုဏ်ပြုပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အလုပ်သမားပါတီသည် ၂၀၁၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရအဖွဲ့ဖွဲ့စည်းနိုင်တော့မည်ဖြစ်ကြောင်းနှင့် အတိုက်အခံခေါင်းဆောင် အယ်လ်ဘာနိစ်သည်လည်း ဩစတြေးလျနိုင်ငံ၏ ၃၁ ဦးမြောက် ဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်ကြောင်း ဩစတြေးလျ ရုပ်သံလွှင့်ကော်ပိုရေးရှင်း(အေဘီစီ)က မေ ၂၁ ရက် ညပိုင်းတွင် သတင်းဖော်ပြခဲ့သည်။

ဩစတြေးလျရွေးကောက်ပွဲတွင် အလုပ်သမားပါတီအနိုင်ရရှိခဲ့ခြင်းသည် လစ်ဘရယ်အမျိုးသားညွန့်ပေါင်းပါတီ၏ ကိုးနှစ်နီးပါးကြာ အာဏာရယူထားမှုအဆုံးသတ်ခဲ့ခြင်းလည်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၄ ဦးရှိလာ

**နယူးဒေလီ မေ ၂၂**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း အာသံပြည်နယ်တွင် သီတင်းတစ်ပတ်နီးပါးကြာ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ရာမှ တစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူအရေအတွက် ၁၄ ဦးအထိရှိလာကြောင်း သိရသည်။

အာသံပြည်နယ်၏ ခရိုင်များဖြစ်သည့် ကာချာခရိုင်၊ လာခီပါခရိုင်နှင့် နာဂါအွန်ခရိုင်တို့မှ လွန်ခဲ့သည့် တစ်ရက်အတွင်း သေဆုံးသူလေးဦး ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အာသံပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထို့ပြင် အာသံပြည်နယ်၌ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ခုနစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်းနှင့် လူပေါင်းခုနစ်သိန်းကျော်သည် ရေကြီးရေလျှံမှုဒဏ် ခံခဲ့ရကြောင်း သိရသည်။ ဒီမာဟာဆောင်ခရိုင်အတွင်းရှိ ဟက်ဖ်လောင်မြို့သည် အာသံပြည်နယ်၌ ရေကြီးရေလျှံမှုဒဏ် အခံရဆုံးမြို့ဖြစ်ကြောင်း သိရသည်။



အိန္ဒိယလေတပ်မှ ရဟတ်ယာဉ်များကိုလည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင်ရန် စေလွှတ်ထားပြီးဖြစ်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုဒဏ် ခံခဲ့ရသည့် ဒေသများမှ လူဦးရေထောင်ပေါင်းများစွာကိုလည်း အာသံပြည်နယ်အစိုးရက ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၂၆ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၂၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၂၆ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၃၆၃၇၁ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၆၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၄၁၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၄၉၅၅ ဦးရှိပြီး မေ ၂၀ ရက်က ထက် ၆၁ ဦးလျော့နည်းသွားကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၀၂ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၂၅၉၇၀၀၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ကမ္ဘာတစ်ဝန်း၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၉၂ ဦးအထိ ရှိလာ

**တိုကျို မေ ၂၂**

လက်ရှိအချိန်အထိ နိုင်ငံပေါင်း ၁၂ နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၉၂ ဦး တွေ့ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ အတည်ပြုပြောကြားသည်။

အဆိုပါရောဂါကူးစက်ခံရသည့် နိုင်ငံများတွင် ပေါ်တူဂီ၊ စပိန်နှင့် ဗြိတိန်နိုင်ငံများ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် ၂၄ ဦးအား မျောက်ကျောက်ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

မျောက်ကျောက်ရောဂါသည် အာဖရိကဒေသတွင် များသောအားဖြင့် ဖြစ်ပွားသည့် သေစေနိုင်သည့် ရောဂါတစ်မျိုးဖြစ်သည်။ သို့သော် ယခုလအစောပိုင်းမှစပြီး ဥရောပနှင့် မြောက်အမေရိကနိုင်ငံများတွင် အဆိုပါရောဂါကူးစက်မှုများ တွေ့ရှိရသည်။

လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် သေဆုံးသူ တစ်ဦးမျှမရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

ရောဂါရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်လျက် ရှိသည့်အတွက် ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရောဂါကူးစက်ခံရပြီးနောက် မျောက်ကျောက် ရောဂါ၏ လက္ခဏာများသည် ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပျောက်ကင်းသက်သာ သွားလေ့ရှိသည်။ သို့သော် မွေးကင်းစကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ခံနိုင်ရည်အားနည်းသူများတွင် ရောဂါပြင်းထန်စွာခံစားရသည်။

မျောက်ကျောက်ရောဂါ ကူးစက်မှု ကာကွယ်တားဆီးနိုင်ရန် အစီအမံများပြုလုပ်ရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့နိုင်ငံများအား သတိပေးပြောကြားလျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၂၉၅ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၂၂**

တောင်ကိုရီးယား နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၂၉၅ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၇၉၅၇၆၉၇ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက မေ ၂၂ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၅၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၃၉၆၅ ဦး ရှိလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၉ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၆၉၄၂၅ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၂၆၈၂၇ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၈ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ရွှေဘို-မန္တလေးကားလမ်းမကြီးပေါ်၌ သွားလာနေသည့် မော်တော်ယာဉ်များအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးထိခိုက်ပျက်စီးကာ ခရီးသည် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရ




ဝက်လက်မြို့နယ် ရွှေဘို-မန္တလေးကားလမ်းမကြီး၌ ခရီးသည်ယာဉ်အား မိုင်းခွဲ။

နေပြည်တော် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေဘို-မန္တလေးကားလမ်းမကြီးပေါ်၌ သွားလာနေသည့် မော်တော်ယာဉ်များအား မေ ၂၁ ရက် နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး ထိခိုက်ပျက်စီးကာ ခရီးသည် အမျိုးသမီးနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့ ညောင်ပင်သာရပ်ကွက်နေ ဦးနေဇော်လတ် (၃၅)နှစ် မောင်းနှင်သည့် High Class ခရီးသည်တင် မော်တော်ယာဉ်သည် ခရီးသည် ၂၃ ဦး တင်ဆောင်ကာ မန္တလေးမြို့မှ ကလေးမြို့သို့ ရွှေဘို-မန္တလေးကားလမ်းအတိုင်းမောင်းနှင်လာစဉ် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဝက်လက်မြို့နယ် လှတောကျေးရွာအဝင် ရွှေဘို-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် ၅၅ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံအကြား အရောက်၌ လမ်း၏ယာဘက်ဘေးမှ အကြမ်းဖက်သမားများက လက်လုပ်မိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်၏ ရှေ့၊ ဝဲ၊ ယာလေကာမှန်များ ကွဲအက်ကာ ယာဉ်ကိုယ်ထည်တို့ ထိခိုက်ပျက်စီးခဲ့ပြီး အဆိုပါယာဉ်ပေါ်လိုက်ပါစီးနင်းလာသည့် ခရီးသည် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက် ဒဏ်ရာရရှိခဲ့သူများကို ဆေးကုသမှုခံယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မန္တလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖

# တရားမဝင် သစ်မျိုးစုံ၊ ရေနံထွက်ပစ္စည်း၊ စားသောက်ကုန်၊ စားသောက်ဆိုင်လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ကားအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ သိမ်းဆည်းရမိမှု။

နေပြည်တော် မေ ၂၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ဌာနဆိုင်ရာအဖွဲ့စုံဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံတိုသံစ(အဟောင်း)များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ကားအပိုပစ္စည်းများနှင့် ဟော့ပေါ့ဆိုင်သုံးပစ္စည်းအမျိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၇၄၉၇)၊ Wheel Loader လုပ်ငန်းသုံး ယာဉ်အဟောင်းတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso အမျိုးအစား ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)** စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၈၇၄၉၇ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ်အတွင်း တရားမဝင် ရေနံချေး ၇၀၀၀ ပီပါသာ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)** ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင် ဂျုံမှုန့်အိတ်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀)** ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀ အား သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်၊ ပျဉ်းကတိုးသစ်ခွဲသား၊ ဒွနီသစ်ခွဲသားနှင့် ကညင်သစ်ခွဲသားများ ၃၈ ဒသမ ၁၈၅၆ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၉၇၃၁၈)** ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက ဒိုက်ဦး-စစ်တောင်းကားလမ်း (ဗျူဟာလမ်း) မိုင်တိုင်အမှတ် (၇/၀)၌ TOYOTA အမျိုးအစား Mjar နှင့် RACITS (လိုင်စင်မဲ့) မော်တော်ကားနှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၈၉၇၃၁၈ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၃၈၄၈၁၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၅-၂၀၂၂ တနင်္လာနေ့

### MRTV HD

၀၆:၀၀ ပဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီ ဆိုရာဝယ်
၀၉:၃၀ မွေးမြူရေးရာအဖြာဖြာ
၀၉:၄၀ ရတနာအလားကမ္ဘာ့အမွေအနှစ်များ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ရာဇဝင်ထဲက သမိုင်းအနုပညာ
၁၃:၃၀ MRTV National News
၁၆:၄၀ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ
၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၃၀ This Week's Special Interest
၁၇:၄၅ တန်ဖိုးမြှင့်ထုတ်ကုန်ဖွံ့နည်းအစွမ်း
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၄၀ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘက်စကက်ဘောအက်ဆေး' (အပိုင်း-၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၂၉)(ဇာတ်သိမ်း)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'အမြင့်ပျံငှက်'

### mitv

07:01 Evergreen Classic: Parami Taw (Hnin Hnin Htoo)
07:08 Geographic Center of Myanmar
07:28 Making a Living as Horticulturist
07:43 Mural Painting Bagan
07:54 Hip-Hop and Design
08:01 Kyaukse Cement Plant
08:16 Myanmar Traditional Bullock-Cart & Equestrian Racing
08:27 Myanmar Traditional Snacks: Sago with coconut milk
08:33 The Strokes of Myanmar
09:01 News
09:26 Global Partnership for Brighter Future: Cuba Pavilion at Expo 2020 Dubai
09:34 Mon Traditional Dishes
09:43 Ecotourism: Shwebo & Hanlin (Ancient Pyu City)

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဗိုင်းဖြူရွာက ရေလုပ်သားကြီးဘဝ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အုံ့ညြွယ်ရာ ပန်းဝှမြေမှာ

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
နှလုံးသားထဲက ထာဝရရိဒ်ရေကန်

**ချင်း (ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
သွားဝါခြင်းအကြောင်း သိကောင်းစရာ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာဘုရားပန်းဆက်တပ်ပူဇော်ခြင်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၆)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သံလွင်မြစ်နံဘေးက ဟိုလိန်းဓာတ်တော်စေတီ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
'ဝ'ရိုးရာရက်ကန်းနှင့်အထည်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဒုးရိုးရာ ဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ရှုမြင်စေချင် ကော်ယော်မိုနတို့ရဲ့ ဓလေ့အသွင်

**ဝကေကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မိုးဦးကျအချိန် ဖားရှာချက်ကြမယ်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၂၀ သတင်းသမားပြောတဲ့သတင်းစကား
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄) ရှင်းလင်းပွဲ
၁၁:၀၀ PR SYSTEM
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

### MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ တောင်သူများနှင့်အတူဆင်နွှဲစပါးမျိုးသရုပ်ပြပွဲ
၀၇:၂၀ မြေဩဇာနည်းပညာထိုးဖောက် တောင်သူစိုက်ခင်းအရောက်
၀၈:၁၅ ကေတုမတီမြေမှလယ်ကွင်းများဆီသို့
၀၉:၂၀ တောင်သူ့အကျိုးကိုရည်သန် စစ်ကိုင်းမြို့၏မြေပဲသီးနံ
၀၉:၄၅ ထန်းပင်တွေရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၅၄၀ |
| 95 Ron | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၈၀ | ၂၃၅၅ | ၂၄၅၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၆၀ | ၂၁၉၅ | ၂၂၁၅ | ၂၂၁၅ | ၂၁၈၀ | ၂၂၉၅ | ၂၂၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၂၆၉၀ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၈ | ၂၁၈၃ |
| 95 Ron | ၂၂၁၇ | ၂၂၉၅ |
| HSD (500 ppm) | ၂၀၄၇ | ၂၁၁၈ |
| HSD (50 ppm) | ၂၀၇၅ | ၂၁၄၆ |
| HSD (10 ppm) | ၂၀၇၅ | ၂၁၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့သစ်(ခ)ရပ်ကွက် (၁)လမ်းနေ မေမြတ်နိုးသိမ့်(၂၀)နှစ်သည် ၎င်းအသုံးပြုသည့် "Phone Myintzu (Pyone)" Facebook အကောင့်၊ ပဲခူးမြို့ ဗိုလ်ကုန်း(၁၈)ရပ်ကွက်နေ ငြိမ်းချမ်းအောင်(၂၉)နှစ်သည် ၎င်းအသုံးပြုသည့် "Chan Aung" Facebook အကောင့်၊ လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်နေ နှင်းလဲ့နန္ဒာလွင် (၂၆)နှစ်သည် ၎င်းအသုံးပြုသည့် "နှင်းလဲ့" Facebook အကောင့်၊ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရွှေပင်ရပ်ကွက် စံပြလမ်းနေ ဟိန်းထက်နိုင်(၂၄)နှစ်သည် ၎င်းအသုံးပြုသည့် "Hein Htet Naing" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်နေ အေးအေးမာ (၃၂)နှစ်သည် ၎င်းအသုံးပြုသည့် "Aye Aye Mar" Facebook အကောင့်၊ ပခုက္ကူမြို့ (၁၀)ရပ်ကွက်နေ တိုးကြည်(ခ)တိုးရွှေ (၆၃)နှစ်သည် ၎င်းအသုံးပြုသည့် "Daw Toe Kyi" Facebook အကောင့်၊ ပခုက္ကူမြို့ (၁၁)ရပ်ကွက်နေ အောင်ကျော်သက်(ခ)ကျော်သက်သည် ၎င်းအသုံးပြုသည့် "Kyaw Thet" Facebook အကောင့်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့ ဖောင်စိန်ရပ်ကွက်နေ ခင်ရီ (၅၈)နှစ်သည် ၎င်းအသုံးပြုသည့် "Daw Khin Yi" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်နေ မင်းထက်(ခ)အာကျစ် (၂၂)နှစ်သည် ၎င်းအသုံးပြုသည့် "Min Htet" Facebook အကောင့်၊ မော်ဘီမြို့နယ် သန္တေပင်ကျေးရွာနေ ခန့်သူဇော် (၁၉)နှစ်သည် ၎င်းအသုံးပြုသည့် "Khant Thu Zaw" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ (၃)ရပ်ကွက်နေသူများဖြစ်သည့် မျိုးဇာနည်(၃၁)နှစ်နှင့် ဝင်းမေနီ(၃၈)နှစ်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Myo Zaeni" Facebook အကောင့်နှင့် "Win May Ni" Facebook အကောင့်တို့သည့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

### ထိရောက်စွာအရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖားကန့်နှင့် ရွှေပြည်သာမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ယူမာကျေးရွာအနီးတွင် ကျိန်မြင့်ထန်(ခ) အားကျုံးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ ဟော်ကျင်ရှော့ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ မေ ၂၁ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုမော်ရှန်ကျေးရွာနေ ကျန်ထိုက်ရင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လဝမ်၊ နိုင်လင်းအောင်ကို တွေ့ရှိရပြီး ၎င်းတို့သုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၅၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရွှေပြည်သာမြို့နယ် အမှတ်(၁၉) ရပ်ကွက် သရဖီ(၂)လမ်းနေ ဝေလင်းနိုင်(ခ) ဝေလင်း၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၆၇ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြဝတီမြို့၌ သောင်ရင်းမြစ် စိုးရိမ်ရေမှတ်ထက်ကျော်လွန်

နေပြည်တော် မေ ၂၂

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ

မြင့်စိုး(နတလ)




သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

**အညာမြေသို့ ခရီးတစ်ခေါက်**

"လောကကြီးမှာ မမျှော်လင့်သောအရာတို့သည် ဖြစ်တတ်ကြလေရာ အံ့ဩစရာမဟုတ်ဘဲ.........

ဖြစ်လာမှသာလျှင်၊ သြော် ... ငါဖြစ်လာပါပကောဟု အံ့ဩရပေတော့သတည်း ..."

လွန်ခဲ့သောနှစ်ပေါင်း ၄၄ နှစ်၊ စစ်တက္ကသိုလ်ပထမနှစ် ဗိုလ်လောင်းဘဝ၊ မြန်မာစာအချိန်တိုင်း နဝဒေးခန်းမအတွင်းသို့ ခြေလှမ်းကျဲကြီးများနှင့် လှမ်းဝင်လာရင်း အောင်မြင်ခန့်ညားသော အသံဖြင့် ရေရွတ်ပြတတ်သည့် ကျွန်တော်တို့၏ မြန်မာစာဆရာ ဗိုလ်ကြီးအုန်းကြွယ်၊ ဆရာ၏ အရပ်ရှည်ရှည် ခါးနွဲ့နွဲ့သဏ္ဌာန်၊ ကွမ်းတမြုံ့မြုံ့ ဝါးဟန်တို့ကို အမှတ်ရမိသကဲ့သို့ သူရေရွတ်ခဲ့သည့် အထက်ပါစကားစုတို့သည်လည်းပဲ ကျွန်တော့်ဘဝ တစ်သက်တာ ရင်ထဲမှာ တွဲခိုလိုက်ပါလာခဲ့သည်။ ယခုတော့ ဤစကားစုတို့ကို သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၌ ပြန်လည်ရေရွတ်ပြခွင့် ရခဲ့ပါပြီ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ရလိမ့်မည်ဟူ၍ လည်းကောင်း၊ ထိုဝန်ကြီးဌာနအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား စကားပြောခွင့်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား အားပေးနှုတ်ဆက်ခွင့် ရလိမ့်မည်ဟူ၍ လည်းကောင်း၊ ဘယ်သောအခါကမျှ ကျွန်တော် ထင်မှတ်မထားခဲ့ပါ။ ယခုတော့ ရောက်ခဲ့ရပါပြီ။ ဖေယျာကမ်းအလှပန်းချီ စစ်ကိုင်းဌာနီ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်ကျောင်းတော်သာဆီသို့။

ကျောက်ဆည်မြို့ရှိ မိခင်တပ်ရင်းတွင် ခုနစ်နှစ်နီးပါးမျှ တာဝန်ထမ်းဆောင်ခဲ့ရသော ကျွန်တော့်အဖို့ မန္တလာမြေသည် သူစိမ်းမဆန်ခဲ့ပါ။ သို့တစေ အညာဒေသ၏ အငွေ့အသက်များက ကျွန်တော့်စိတ်ကို ပြန်လည်လန်းဆန်း နိုးထစေခဲ့သည်ကတော့ အမှန်ပင်။ ထိုနေ့ ခရီးစဉ်တွင် ကျွန်တော်နှင့်အတူ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းတို့ လိုက်ပါလာခဲ့ကြသည်။ မေလ ၁၆ ရက်နေ့ နံနက်ပိုင်းမှာ စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ ရောက်ရှိခဲ့ကြသည်။ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ သင်ကြားရေးဆရာ ဆရာမများ၊ ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်သည်။ မေလ ၁၂ ရက်နေ့ကတည်းက တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ ပြန်လည်ဖွင့်လှစ်သင်ကြားနေကြပြီဖြစ်ရာ မိမိတို့ဝန်ကြီးဌာနအောက်ရှိသမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်းနှင့် သန်လျင်)၊ သမဝါယမကောလိပ် (မန္တလေးနှင့် ဖောင်ကြီး) တို့သည်လည်း လှုပ်ရှားသက်ဝင်နေကြပြီ ဖြစ်သည်။ အဓိကအလေးထားမှာကြားမိသည်ကတော့ တက္ကသိုလ်ပရဝဏ်အတွင်းသို့ ပြန်လည်ရောက်ရှိလာကြသော သားငယ် သမီးငယ်များ စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်စေဖို့၊ နေထိုင်စားသောက်ရေး အဆင်ပြေစေဖို့၊ ဆရာ ဆရာမများက Guardian စနစ်ဖြင့် ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ပေးကြရန်၊ မိမိတို့ ကိုယ်တိုင်လည်း ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကျင့်ကြံနေထိုင်၍ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များ အကောင်အထည်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်လိုက်သော ထောက်ပံ့ငွေများကိုလည်း ပေးအပ်ခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့်သာ နှစ်ပေါင်းများစွာ ရင်းနှီးကျွမ်းဝင်ခဲ့ရသော ကျွန်တော်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ သမဝါယမကောလိပ်များနှင့် ရေစက်ဆုံလာသောအခါ ထိုတက္ကသိုလ်ကောလိပ်များထံမှ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို တွေ့လာရသည်။ သင်ကြားပေးသော ဘာသာရပ်များကို စိတ်ဝင်စားသည့်အပြင် ပေါင်းကူးစနစ်တစ်ခုကို ချိတ်ဆက်ထားကြောင်းလည်း တွေ့ရသည်။

**သမဝါယမ စာရင်းရေးစာရင်းကိုင်နှင့် သက်မွေးပညာသင်တန်းကျောင်းများ**

ယခင်က သမဝါယမသင်တန်းကျောင်းအမည်ဖြင့် ဖွင့်လှစ်ခဲ့သော တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင် ကျောင်းများကိုလည်းကောင်း၊ သမဝါယမကုန်သွယ်ရေးဝယ်ရေး သင်တန်းကျောင်းအမည်ဖြင့် ဖွင့်လှစ်ထားသော မန္တလေးကျောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးကြီးကြပ်ကွပ်ကဲသည့် သမဝါယမ စာရင်းရေးစာရင်းကိုင်နှင့် သက်မွေးပညာ သင်တန်းကျောင်းများအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်း သင်ကြားပို့ချပေးသွားနိုင်ရေး သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာအဌမတန်း အောင်မြင်ပြီးသူများ တက်ရောက်ခွင့်ရှိသည်။ သင်တန်းကာလနှစ်နှစ်အတွင်း ပထမနှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ သမဝါယမပညာ၊ Business Accounting၊ Fundamentals of ICT ဘာသာရပ်များ၊ ဒုတိယနှစ်၌ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ သမဝါယမ စာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ Cost Accounting၊ Financial Accounting၊ Computerized Accounting ဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။ သင်တန်းကျောင်းမှ သင်ကြားပေးသော ဘာသာရပ်များကို ပြင်ပစီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင် နှစ်သက်သဘောကျသဖြင့် လာရောက်သင်ယူကြကြောင်း ကျွန်တော်ရောက်ရှိခဲ့သည့် မန္တလေးမြို့ သင်တန်းကျောင်းအုပ်က ရှင်းလင်းပြောကြားသည်။ မန္တလေးသင်တန်းကျောင်းသည် အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ် ၈၃ လမ်းနှင့် ၂၅-၂၆ လမ်းကြားတွင် တည်ရှိနေပါသည်။ မကြာမီသင်တန်းများ ဖွင့်လှစ်တော့မည်။ သင်တန်းသား ၅၀ မှ ၁၀၀ ကြား တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

> **"သင်တန်းကျောင်းမှ သင်ကြားပေးသော ဘာသာရပ်များကို ပြင်ပစီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင် နှစ်သက်သဘောကျသဖြင့် လာရောက်သင်ယူကြကြောင်း ကျွန်တော်ရောက်ရှိခဲ့သည့် မန္တလေးမြို့ သင်တန်းကျောင်းအုပ်က ရှင်းလင်းပြောကြားသည်။ မန္တလေးသင်တန်းကျောင်းသည် အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ် ၈၃ လမ်းနှင့် ၂၅-၂၆ လမ်းကြားတွင် တည်ရှိနေပါသည်။ မကြာမီသင်တန်းများ ဖွင့်လှစ်တော့မည်။ သင်တန်းသား ၅၀ မှ ၁၀၀ ကြား တက်ရောက်ခွင့်ရမည်ဖြစ်"**

**သမဝါယမကောလိပ်များ**

မိမိတို့ ဝန်ကြီးဌာနအောက်တွင် သမဝါယမကောလိပ် (မန္တလေး) နှင့် (ဖောင်ကြီး) ကျောင်းများ ရှိနေပါသည်။ သမဝါယမကောလိပ် (မန္တလေး) ၏ ကျောင်းအုပ်ကြီးမှာ ဒေါက်တာတင်မူအေး ဖြစ်သည်။ မန္တလေးဟုဆိုသော်ငြားလည်း ထိုကောလိပ်ကျောင်းသည် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေတွင် အေးချမ်းစွာတည်ရှိနေပါသည်။ ဘုရားရိပ် တရားရိပ်အောက်က ထိုကျောင်းပရိဝုဏ်လေးကိုလည်း ကျွန်တော် သဘောကျမိသည်။ သမဝါယမကောလိပ် (မန္တလေး) သည် ၁၉၇၉ ခုနှစ်တွင် သမဝါယမသင်တန်းကျောင်းအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် သမဝါယမကောလိပ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။ နှစ်နှစ် သင်တန်းပြီးဆုံးပါက ဒီပလိုမာဘွဲ့ (ငါးမျိုးရှိပါသည်) ပေးအပ်ချီးမြှင့်ကာ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်တွင် တတိယနှစ်မှစ၍ ပေါင်းကူးတက်ရောက်ခွင့် ရကြမည်ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ သမဝါယမကောလိပ်(မန္တလေး)မှ ဒီပလိုမာဘွဲ့ ရရှိပြီးသူ ၄၈၆၉ ဦးရှိကြောင်း၊ နှစ်စဉ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများထဲမှ ကောလိပ်ဝင်ခွင့် လျှောက်ထားလာသူ ၈၀၀ မှ ၁၀၀၀ အထိ ရှိကြောင်း သိရပါသည်။ သမဝါယမကောလိပ် (မန္တလေး) သို့ရောက်ခိုက် ကျောင်းတက်နေသော ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးခဲ့သည်။ ကောလိပ်ကျောင်း၏ လိုအပ်ချက် တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပါသည်။ တစ်နေ့နေ့မှာတော့ သမဝါယမကောလိပ် (ဖောင်ကြီး) ကိုလည်း ကျွန်တော် အရောက်သွားပါဦးမည်။

**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များကို စစ်ကိုင်းနှင့် သန်လျင်တို့တွင် ဖွင့်လှစ်ထားပါသည်။ လောလောဆယ် အနေအထားအရ သန်လျင်တက္ကသိုလ်ကို

**စာမျက်နှာ ၁၇ သို့** ❖

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက် တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်းပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

❖ စာမျက်နှာ ၁၆ မှ

ကျွန်တော် မရောက်ဖူးသေးပါ။ စစ်ကိုင်းတက္ကသိုလ်ကမူ စစ်ကိုင်းမြို့ ရွာထောင်ဘူတာရုံအနီး ရွှေသမားရပ်တွင် တည်ရှိနေပါသည်။ မူလဘူတ အစောပိုင်းကာလများတွင်တော့ အဆိုပါတက္ကသိုလ်သည် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့အတွက် ရည်ရွယ်ဖွင့်လှစ်သော သမဝါယမသင်တန်းကျောင်းဖြစ်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် တက္ကသိုလ်အဆင့်ကို တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ တက္ကသိုလ်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။ သမဝါယမတက္ကသိုလ်ဟု ခေါ်ဝေါ်လာရာမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်ဟု ပြောင်းလဲသတ်မှတ်ခေါ်ဝေါ်ခဲ့ပါသည်။

ယင်းတက္ကသိုလ်များ၌ သင်ကြားပေးသော အထူးပြုဘာသာရပ်များမှာ သမဝါယမပညာဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်၊ စာရင်းအင်းပညာဘာသာရပ်၊ ဘဏ္ဍာရေးနှင့် စာရင်းကိုင်ပညာဘာသာရပ်၊ စီမံခန့်ခွဲမှုပညာ ဘာသာရပ်များဖြစ်ပြီး အထောက်အကူပြု ဘာသာရပ်များအနေဖြင့် မြန်မာဘာသာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဘာသာရပ်၊ စီးပွားရေးပထဝီဝင်ဘာသာရပ်၊ ဥပဒေပညာ ဘာသာရပ်တို့ ဖြစ်သည်။ သင်တန်းပြီးဆုံးချိန်တွင် စီးပွားရေးသိပ္ပံဘွဲ့များ ချီးမြှင့်လျက်ရှိရာ အောက်ဖော်ပြပါဘွဲ့များ ပါဝင်ပါသည် -



သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ်။

(က) စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)
B.BSc (Social Enterprise Management)

(ခ) စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ)
B.BSc (Regional Development)

(ဂ) စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချစာရင်းအင်းပညာ)
B.BSc (Applied Statistics)

(ဃ) စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ)
B.BSc (Accounting and Finance)

(င) စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ)
B.BSc (Marketing Management)

အဆိုပါဘွဲ့များကိုပင် ဘွဲ့လွန်ဒီပလိုမာများနှင့် မဟာဘွဲ့များ ထပ်မံပေးအပ်လျက်ရှိနေပါသည်။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) သို့ရောက်ရှိစဉ် ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက တက္ကသိုလ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာခွင့် ရခဲ့ပါသည်။

**လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေ**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းနှင့်ချိတ်ဆက်၍ Job Fair အခမ်းအနားများ နှစ်စဉ် ကျင်းပပြုလုပ်ပေးခြင်း၊ ယင်းအခမ်းအနားတွင် ပြင်ပစီးပွားရေးပညာရှင်များ၏ ဟောပြောပွဲများ ထည့်သွင်းပြုလုပ်ပေးခြင်း၊ လာရောက် ခင်းကျင်းပြသသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ကျောင်းသား ကျောင်းသူများကို ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ဝန်ကြီးဌာနအသီးသီးမှ ခေါ်ယူသည့် စီးပွားရေးဆိုင်ရာဘွဲ့များနှင့် ပတ်သက်သည့် ဝင်ပေါက်ရာထူးနေရာများတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များမှ ဘွဲ့ရကျောင်းသား ကျောင်းသူများအား ထည့်သွင်းခေါ်ယူနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံစာရင်းစစ်ကောင်စီမှ ဖွင့်လှစ်သော လက်မှတ်ရပြည်သူ့စာရင်းကိုင် CPA သင်တန်းများသို့ တက်ရောက်ခွင့်ရရေးကိုလည်း သက်ဆိုင်ရာသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါ CPA သင်တန်းဆင်းများစွာ ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ ခြုံငုံတင်ပြရလျှင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်းနှင့် သန်လျင်) ဘွဲ့ရကျောင်းဆင်းများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုသည် ၈၀ ရာခိုင်နှုန်းကျော်အထိရှိခဲ့ကြောင်း သိရပါသည်။

**ဆောင်းဒါးနှင့် ယွန်းကောလိပ်**

မန္တလေးမြို့ အမရပူရတွင် တည်ရှိသော ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာ သိပ္ပံကို မေလ ၁၆ ရက်နေ့တွင် ရောက်ရှိခဲ့ပါသည်။ ယွန်းပညာကောလိပ်(ပုဂံ)ကိုမူ မရောက်သေးပါ။ ရောက်ရန် ရည်ရွယ်ထားပြီး ဖြစ်ပါသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ၎င်းသင်တန်းကျောင်းများအကြောင်းကိုလည်း ထပ်မံတင်ပြပါဦးမည်။ ။

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)သည် ယနေ့တွင် ဘုတ်ပြင်းမြို့နယ်မသေကျေးရွာအုပ်စုရှိဝါးကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၁၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ရောဂါရှာဖွေစမ်းသပ်ကုသပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၃၆ ဦး၊ ခွဲစိတ်ရောဂါ ၁၃၄ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၀၃ ဦး၊ ကလေးရောဂါ ၉၈ ဦး၊ အရိုးရောဂါ ၈၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၉၂ ဦး၊ မျက်စိရောဂါ ၈၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၁ ဦး စုစုပေါင်း ၁၁၁၇ ဦးကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၄၃ ဦး၊ မျက်စိခွဲစိတ်လူနာ ၂၁ ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၈၄ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၉၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည့်အပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူ ခုနစ်ဦးကိုလည်း ဆေးရုံရေယာဉ်ပေါ်၌ ဆေးရုံတင်ကုသပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

**(ယမန်နေ့မှအဆက်)**

**Myanmar National Post သတင်းဌာနမှ နောင်တော်လေး**က ယနေ့ တိုင်းပြည်အတွင်း၌ အကြမ်းဖက်မှုများကျူးလွန်နေကြသည့် အဖွဲ့အစည်းများရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည်ဟု တရားဝင်ကြေညာထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများမှာ မည်သည့်ပါတီမှ ပေါ်ပေါက်လာသည့် အဖွဲ့အစည်းများဖြစ်သည်ကို သိလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိဆိုသည့် ပြဋ္ဌာန်းချက်၏ သဘောတရားနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် မည်ကဲ့သို့သောလုပ်ရပ်များလုပ်ဆောင်ပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိနိုင်သည်ကို ရှင်းလင်းပြောကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီး ယခုမေးမြန်းသည့်မေးခွန်းကို ပြည်လည်ဖြေကြားရမည်ဆိုပါက တရားမဝင် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH၊ ၎င်းက ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် မတ် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အလားတူ မတရားအသင်းအဖြစ် ကြေညာထားသည့် CRPH၊ ယင်းကဖွဲ့စည်းသည့် အမျိုးသားညီညွတ်ရေးအစိုးရ NUG၊ ယင်းက ထပ်မံဖွဲ့စည်းသည့် PDF နှင့် ၎င်းအဖွဲ့၏ လက်အောက်ခံအဖွဲ့အစည်းများကိုလည်း အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့က ၂၀၂၁ ခုနှစ် မေ ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါအချက်များမှာ မိမိတို့ထုတ်ပြန်ကြေညာခဲ့သည့် အခြေအနေများဖြစ်ကြောင်း၊ ထိုအကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် မည်သည့်ပါတီနှင့် ဆက်စပ်မှုရှိသည်ကို ယခုမေးမြန်းသည့် သတင်းထောက်ကြီးအပါအဝင် အခြားပုဂ္ဂိုလ်များလည်း မြင်တွေ့ကြားသိပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း။

သတင်းထောက်ကြီး မေးမြန်းသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ ပါ နိုင်ငံရေးပါတီတစ်ရပ် ဆက်လက်ရပ်တည် နိုင်မှုမရှိသည့်ကိစ္စနှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၂ အရ ပါတီတစ်ခုရပ်တည်ပိုင်ခွင့်မရှိသည့် ပြဋ္ဌာန်းချက်များကို ဆက်လက်ရှင်းပြလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ တွင် နိုင်ငံရေးပါတီတစ်ခု ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသည့် အကြောင်းအရာ ၄ ခုရှိကြောင်း၊ အဆိုပါကိစ္စများမှာ ဥပဒေနှင့်အညီ မတရားအသင်းအဖြစ်ကြေညာခံရခြင်း၊ နိုင်ငံတော်ကို လက်နက်စွဲကိုင်၍ တိုက်ခိုက်နေသည့် သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းများ၊ မတရားအသင်းဟု ကြေညာထားသည့်အဖွဲ့အစည်းများ၊ အဆိုပါအဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း၊ အားပေးကူညီခြင်းတစ်ခုခုကို လုပ်ဆောင်သည်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုခု၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ ငွေကြေး၊ ပစ္စည်း၊ အထောက်အပံ့များကို တစ်နည်းနည်းဖြင့် ရယူသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဖြစ်ကြောင်း၊ နောက်တစ်ခုမှာ ဘာသာရေးကိုနိုင်ငံရေးအရ အလွဲသုံးစားပြုသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းများဆိုပါက ပုဒ်မ ၄၀၇ နှင့် ငြိစွန်းကြောင်း၊ ထိုကဲ့သို့ ငြိစွန်းပါက ပုဒ်မ ၄၀၈ အရ အဆိုပါပါတီကို နိုင်ငံရေးပါတီအဖြစ်မှပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းမှာ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသည့် ပုဒ်မ ၄၀၇ ဖြစ်ကြောင်း။

အခြားတစ်ခုမှာ နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသည့် ပုဒ်မ ၁၂(က) ဖြစ်ကြောင်း၊ ထိုပုဒ်မတွင် အချက် ၇ ချက်ရှိကြောင်း၊ နံပါတ်(၁) အချက်မှာ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲများတွင် ၎င်းတို့အနေဖြင့် အနည်းဆုံးသတ်မှတ်ထားသည့်ကိုယ်စားလှယ်အရေအတွက်အတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုမရှိခြင်း၊ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊ နိုင်ငံတော်ကို လက်နက်စွဲကိုင်တိုက်ခိုက်နေသည့် သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့အစည်းများ၊ မတရားအသင်းများ၊ ၎င်းအဖွဲ့အစည်းများနှင့်ဆက်စပ်ခြင်း၊ အဆိုပါအဖွဲ့အစည်းများကို အားပေးကူညီခြင်းတို့ကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၊ အခြားတစ်ခုမှာ ပုဒ်မ ၆ ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ရာတွင် တင်ပြရသည့် ခံဝန်ချက်ဖြစ်ကြောင်း၊ ထိုခံဝန်ချက်များကို ဖောက်ဖျက်ခြင်းလည်းပါဝင်ကြောင်း၊ နောက်တစ်ခုမှာ နိုင်ငံတော်ပိုင်ငွေကြေး၊ ပစ္စည်း၊ အဆောက်အဦများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ အခြားတစ်ခုမှာ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ခုဖြစ်ကြောင်း၊ ထိုပုဒ်မတွင် ပါဝင်သည့် အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ နိုင်ငံရေးပါတီဝင်အဖြစ် စည်းရုံးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အရည်အချင်းမကိုက်ညီသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ ထိမ်ချန်ထားခြင်း၊ လက်ခံထားခြင်းပြုပါကလည်း ပြစ်မှုကျူးလွန်ရာရောက်ပါကြောင်း၊ အခြားတစ်ခုမှာ နိုင်ငံတစ်ဝန်းတွင် မိမိတို့သတ်မှတ်ထားသည့် ပါတီဝင်အရေအတွက် ပြည့်မီအောင် စည်းရုံးနိုင်ခြင်းမရှိပါကလည်း အဆိုပါပါတီအနေဖြင့် ပုဒ်မ ၁၂(က)ပါ အချက်များကို ဖောက်ဖျက်ကျူးလွန်ရာရောက်ကြောင်း၊ ပုဒ်မ ၁၂(ခ)အရ ပုဒ်မ ၁၁(က)ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့်ပါတီအား နိုင်ငံရေးပါတီစာရင်းမှပယ်ဖျက်၍ ထိုပါတီကို ဖျက်သိမ်းရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်ရှိသည်ဟုသာ ဖြေကြားလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ နောင်တော်လေး**က အစောပိုင်းက ပြန်လည်ဖြေကြားရာတွင် အကြမ်းဖက်အဖွဲ့အစည်းများ ထွက်ပေါ်လာသည့်ပါတီအား အားလုံးသိပြီးသားဖြစ်လိမ့်မည်ဟုသာ ပြန်လည်ဖြေကြားခဲ့ကြောင်း၊ မိမိလည်း မိမိသိသည့်အတိုင်းသာ ပြောမည်ဖြစ်ကြောင်း၊ အဆိုပါပါတီမှာ NLD ပါတီဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် လူကြီးမင်းကိုယ်တိုင် ထုတ်ဖော်ပြောဆိုခြင်း မပြုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါပါတီကို အားလုံးသိပြီးဖြစ်ကြောင်း၊ ထိုပါတီနှင့်ပတ်သက်ဆက်စပ်သည့် အကြောင်း အရာများကိုလည်း သတင်းထောက်ကြီး ယခုမေးမြန်းနေကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ ထိုပါတီနှင့် ပတ်သက်၍ ပြောရမည်ဆိုပါက အားလုံးသိကြသည့် ပါတီဖြစ်ကြောင်း၊ အဆိုပါကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ယခုလက်ရှိတွင် မိမိတို့အနေဖြင့် လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များကို သတင်းထောက်ကြီးများလည်း သိပြီးဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ဆက်စပ်မှုများကိုစစ်ဆေး၍ အတည်ပြုရန်သာလိုတော့ကြောင်း၊ လက်ရှိဖြစ်တည်မှုများ၊




အခြေအနေများကိုစိစစ်၍ ငြိစွန်းမှုအခြေအနေကို စစ်ဆေးရန်လိုအပ်ကြောင်း၊ အခြားနိုင်ငံရေးပါတီများကိုလည်း ငြိစွန်းမှု ရှိ၊ မရှိ စစ်ဆေးနေကြောင်း၊ စစ်ဆေးဆဲဖြစ်ပြီး စစ်ဆေးရန်ကျန်နေသေးကြောင်း၊ စစ်ဆေးပြီးစီး၍ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသည်ဆိုပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က ၂၀၂၃ ရွေးကောက်ပွဲတွင် PR စနစ်ကို စတင်ကျင့်သုံးသွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ယခုသတင်းစာရှင်းလင်းပွဲအစောပိုင်းတွင် ပြောခဲ့ကြောင်း၊ ပါတီအများစုကကျင့်သုံးကြမည့်စနစ်ဖြစ်သည်ဟုလည်း ပြောခဲ့ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကိုမူ ယခင်အတိုင်းပြောင်းလဲမှုမရှိဟု ပြောထားကြောင်း၊ လတ်တလောတွင် ယခင်ရှိပြီးဖြစ်သည့် ခရိုင် ၇၅ ခရိုင်အပြင် ခရိုင်အသစ် ၄၅ ခရိုင်ကို ထပ်မံဖွဲ့စည်းခဲ့ကြောင်း၊ ထို့ကြောင့် ခရိုင်ကို ကိုယ်စားပြုမည်လား၊ မြို့နယ်ကို ကိုယ်စားပြုမည်လား၊ တိုင်းဒေသကြီး၊ ပြည်နယ်ကို ကိုယ်စားပြုမည်လားဆိုသည်ကို သိလိုကြောင်း၊ PR စနစ်၏ သဘောတရား၊ မဲပေးပုံပေးနည်း၊ PR စနစ်၏ ခွဲတမ်းစနစ်များကို မဲဆန္ဒရှင်ပြည်သူအားလုံး သိရှိနိုင်ရန်အတွက် TV မှလည်းကောင်း၊ သတင်းစာမှလည်းကောင်း အသိပညာပေးလုပ်ငန်းများကို မည်သည့်အချိန်ခန့်တွင် စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် PR စနစ်နှင့်ပတ်သက်သည့် စာအုပ်အတွဲ(၁)ကို ထုတ်ပြီးဖြစ်ကြောင်း၊ ကြေညာ၍ ဖြန့်ချီသွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် အတွဲ(၂)ကိုပြုစုနေကြောင်း၊ အဆိုပါ စာအုပ်တွင် PR နှင့်ပတ်သက်သည့် အကြောင်းအရာများပါဝင်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့် PR စနစ်များအကြောင်းလည်း ပါဝင်ကြောင်း၊ ထိုစာအုပ်မှာလည်း မကြာမီထွက်ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website တွင်လည်း PR စနစ်နှင့်ပတ်သက်သည့် ဆောင်းပါးများနှင့် အချက်အလက်များကို တင်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ထားရုံသာမကဘဲ လွန်ခဲ့သည့် ရက်သတ္တပတ် ၃ ပတ်ခန့်က သတင်းစာရှင်းလင်းပွဲတွင်လည်း PR စနစ်နှင့်ပတ်သက်၍ အခြေခံအချက်အလက်များကို မိမိတင်ပြခဲ့ကြောင်း၊ PR စနစ်နှင့်ပတ်သက်သည့်စာတမ်းများလည်း ပြုစုထားကြောင်း၊ အချက်အလက်များလည်းရှိကြောင်း၊ မိမိတို့လုပ်ဆောင်ရမည့် Timeline အတိုင်း ပညာပေး(Civic and Voter Education)လုပ်ငန်းများကို ပြည်သူများ သိရှိနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က မိမိဆိုလိုသည်မှာ ထိုကဲ့သို့မဟုတ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ထုတ်ဝေသည့် စာအုပ်များကို မိမိတို့မီဒီယာများအား တစ်အုပ်စီ ပေးပြီးဖြစ်ကြောင်း၊ ထိုစာအုပ်ပါအကြောင်းအရာများကို ပြည်သူလူထုထံသို့ ချပြရန်အတွက် မိမိတို့လည်း မစွမ်းဆောင်နိုင်ကြောင်း၊ မိမိတို့တွင်လည်း အခက်အခဲများရှိကြောင်း၊ မိမိဆိုလိုသည်မှာ PR စနစ်ကို ကျင့်သုံးမည်ဆိုပါက ပြည်သူလူထုအနေဖြင့် ၎င်းတို့ရွေးချယ်လိုသည့် လွှတ်တော်ကိုယ်စားလှယ်၏ ရပိုင်ခွင့်မည်ကဲ့သို့ရှိသည် သိလိုကြမည်ဖြစ်ကြောင်း၊ ယခုကျန်ရှိနေသည့် တစ်နှစ်ကျော်ခန့် အချိန်ကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှလည်းကောင်း၊ သတင်းစာမှလည်းကောင်း PR စနစ်၏ မဲပေးပုံပေးနည်း၊ PR စနစ်၏ ရရှိသည့်ခွဲတမ်းပုံစံ စသည်တို့ကို ပြည်သူလူထုသိရှိနိုင်ရန် မည်သည့်အချိန်ခန့်တွင် အသိပညာပေးချပြသွားမည်ကို သိလိုခြင်းဖြစ်ကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက ပညာပေးစာအုပ်များ ထုတ်ဝေပြီးဖြစ်ကြောင်းကိုလည်း အစောပိုင်းက မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ တင်ပြခဲ့သည့်အထဲတွင် မိမိတို့ လုပ်ဆောင်ထားသည့် Pamphlet နမူနာများကိုလည်း Civic and Voter Education တွင် ပြထားကြောင်း၊ Pamphlet များမှာ ပြည်သူတစ်ဦးချင်းစီကို ဝေပေးနိုင်လောက်သည့် အနေအထားရှိကြောင်း၊ အကျဉ်းချုပ်ရေးသားထားသည့် Pamphlet များကိုပင် ကြိုတင်ပြင်ဆင်ထားကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်သည့် ဥပဒေလည်းရှိကြောင်း၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေနှင့်နည်းဥပဒေများကိုလည်း တင်ပြထားဆဲဖြစ်ကြောင်း၊ အတည်ပြုထုတ်ပြန်ပြီးပါက Legally အဆင်ပြေပြီဖြစ်ကြောင်း၊ ထိုအချိန်မှသာလျှင် မိမိတို့အနေဖြင့် တရားဝင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စကိုလည်း အားလုံး၏သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေကြောင်းအရလည်း အသေးစိတ် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများအတွက်လည်း လိုအပ်သည်များကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ သို့သော် တရားဝင်ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ ထိုကိစ္စများပြီးစီးပါက တရားဥပဒေနှင့်အညီ အသိပညာပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သတင်းထောက်ကြီးမေးမြန်းခဲ့သည့်ကိစ္စများလည်းရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မူလခရိုင် ၇၅ ခရိုင်ရှိရာမှ နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုအခြေအနေနှင့် အုပ်ချုပ်မှုကိစ္စများ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ အဆင်ပြေစေရန်အတွက် ခရိုင် ၄၆ ခရိုင် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ စုစုပေါင်း ၁၂၁ ခရိုင် ရှိပါကြောင်း၊ PR စနစ်ကိုကျင့်သုံးရာတွင် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း၊ အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းနှင့်ပတ်သက်သည့် ဥပဒေများကိုလည်း အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားကြောင်း၊ ပုဒ်မ ၃၃၀၊ ပုဒ်မ ၁၆၈၊ တစ်မြို့နယ်လျှင် ၂ ဦးစီဆိုသည့် သတ်မှတ်ချက်များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကိုယ်စားလှယ်ဦးရေအတိုင်းသာ ရွေးကောက်တင်မြှောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရန်အတွက် ပုဒ်မ ၃၉၉ အရ

စာမျက်နှာ ၁၉ သို့

❍ စာမျက်နှာ ၁၈ မှ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ အရ မဲဆန္ဒနယ်သတ်မှတ်ခြင်းနှင့် ရွေးကောက်ပွဲကျင်းပပေးခြင်းတို့သည် မိမိတို့၏တာဝန်ဖြစ်ကြောင်း။

PR စနစ်နှင့် FPTP စနစ်တို့၏ အဓိကခြားနားချက်မှာ FPTP စနစ်တွင် တစ်ဦးတည်းကိုသာရွေးချယ်ကြောင်း၊ မဲအများဆုံးသူ တစ်ဦးသာရကြောင်း၊ မဲဆန္ဒနယ်တစ်နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲရာခိုင်နှုန်းအများဆုံး ရရှိသူက နိုင်သည့်သဘောဖြစ်ကြောင်း၊ ကျန်သည့်ကိုယ်စားလှယ်လောင်းအားလုံး၏ မဲရလဒ်မည်မျှဖြစ်စေကာမူ တစ်ဦးချင်းမဲရလဒ်အရ ရာခိုင်နှုန်း အများဆုံးရရှိသူက အနိုင်ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းဆန္ဒမဲရရှိမှုအများဆုံးရရှိသူက ဆန္ဒမဲအားလုံးကို ရယူသွားသည့် သဘောဖြစ်ကြောင်း၊ ၎င်းက ၃၀ ရာခိုင်နှုန်းခန့်ဖြင့် အနိုင်ရရှိခဲ့သော်လည်း အခြား မဲဆန္ဒရှင်များ၏ ၇၀ ရာခိုင်နှုန်းခန့်သော ဆန္ဒမဲများနှင့် ထိုဆန္ဒမဲများရရှိခဲ့သည့် နိုင်ငံရေးပါတီများမှာ အခွင့်အရေးများ လုံးဝဆုံးရှုံးသွားမည်ဖြစ်ကြောင်း၊ PR စနစ်တွင် မဲဆန္ဒနယ်များကို ကျယ်ပြန့်စွာသတ်မှတ်ကြောင်း၊ ထိုသို့သတ်မှတ်ပြီး ကိုယ်စားလှယ်တစ်ဦးက ၅၀ ရာခိုင်နှုန်းရရှိသည်၊ ကျန်တစ်ဦးက ၄၀ ရာခိုင်နှုန်းရရှိသည်၊ ကျန်တစ်ဦးက ၃၀ ရာခိုင်နှုန်းရရှိသည်၊ အခြားတစ်ဦးက ၂၀ ရာခိုင်နှုန်းရရှိသည်၊ အခြားတစ်ဦးက ၁၀ ရာခိုင်နှုန်းရရှိသည်ဆိုပါက ထိုကဲ့သို့ ရာခိုင်နှုန်းအလိုက် ဆန္ဒမဲရရှိခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ရရှိခဲ့သည့်ဆန္ဒမဲ အချိုးအစားအလိုက် လွှတ်တော်အတွင်းသို့ ကိုယ်စားလှယ်များ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဥပမာဆိုရပါက လွှတ်တော်အတွင်း၌ ကိုယ်စားလှယ် ၁၀ ဦး ရှိသည်ဆိုပါက ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီအနေဖြင့် အဆိုပါလွှတ်တော်အတွင်းသို့ ကိုယ်စားလှယ် ၅ ဦး တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အလားတူ ဆန္ဒမဲ ၄၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီအနေဖြင့်လည်း ကိုယ်စားလှယ် ၄ ဦး တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထို့အတူ ဆန္ဒမဲ ၃၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီ၊ ဆန္ဒမဲ ၂၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီနှင့် ဆန္ဒမဲ ၁၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း ၎င်းတို့ရရှိခဲ့သည့် ရာခိုင်နှုန်းများအလိုက် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ၏ ဆန္ဒမဲအားလုံး အဟောသိကံမဖြစ်ဘဲ ၎င်းတို့ရရှိခဲ့သည့် ဆန္ဒမဲရာခိုင်နှုန်းအလိုက် ကိုယ်စားလှယ်များ အချိုးကျရရှိမည်ဖြစ်ကြောင်း။

အစောပိုင်းက မိမိတင်ပြခဲ့သည့်အတိုင်း တိုင်းရင်းသားပါတီများနှင့် လူနည်းစုပါတီများအတွက် အခွင့်အရေး တန်းတူညီမျှရရှိမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများအလဟဿမဖြစ်သည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့်လည်း ကိုက်ညီသည့်စနစ်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီအားလုံးကလည်း သဘောတူသည့်အတွက် ထိုစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒနယ်သတ်မှတ်ခြင်းကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစောပိုင်းက သတင်းထောက်ကြီးပြောခဲ့သည့် ခရိုင်များဖွဲ့စည်းမှုသည် မဲဆန္ဒနယ်သတ်မှတ်ခြင်းနှင့် ဆက်စပ်မှုရှိကြောင်း၊ မဲဆန္ဒနယ်များသတ်မှတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် မဲဆန္ဒနယ်များ သတ်မှတ်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်၍ ကိုယ်စားလှယ် ၂ ဦးကို PR စနစ်ဖြင့်ရွေးချယ်၍ရကြောင်း၊ ကျန်သည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များနှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များခွဲဝေရာတွင် ထိုဒေသ၏ ပထဝီဝင်အနေအထား၊ နေထိုင်သည့် လူမျိုးစုများ၊ အုပ်ချုပ်မှုအရ လမ်းပန်းဆက်သွယ်မှုအနေအထား၊ လူဦးရေထူထပ်မှုအခြေအနေတို့ကိုမူတည်၍ အားလုံးအတွက် ညီညွတ်မျှတစေရန် အကျယ်အဝန်းသတ်မှတ်၍ အဆိုပါနေရာအတွက် ရွေးကောက်တင်မြှောက်မည့် ကိုယ်စားလှယ်အရေအတွက်ကို သတ်မှတ်မည်ဖြစ်ကြောင်း၊ ထိုသို့သတ်မှတ်ပြီးမှသာ လွှတ်တော် သုံးရပ်စလုံးအတွက် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ အခြားတစ်ခုမှာ အမျိုးသားလွှတ်တော်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ ၆ ခုရှိကြောင်း၊ အဆိုပါ ဒေသများမှာ ကိုယ်စားလှယ်တစ်ဦးစီရွေးရသည့်အတွက် FPTP စနစ်ကိုသာ ကျင့်သုံးရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် သတ်မှတ်ထားသည့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီသာ ရွေးချယ်ရသည့်အတွက် FPTP စနစ်ကိုသာ ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီးမေးမြန်းခဲ့သည့် ပြည်သူလူထုကို အသိပညာပေးသည့်လုပ်ငန်းကိုလည်း မိမိတို့အနေဖြင့် အချိန်မီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Trend ဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ဦးမင်းမောင်ဦး**က မဲမသမာမှုကြောင့် NLD ပါတီမှ ထိပ်ပိုင်းခေါင်းဆောင်အချို့နှင့် အောက်ခြေအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ အရေးယူခံထားရမှုအခြေအနေကို သိလိုကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်အနေဖြင့် သဘောတူလက်ခံနိုင်မှုရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီးမေးမြန်းသည့်ကိစ္စကိုပြန်လည်ဖြေကြားရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ တာဝန်ရှိသည့်ပုဂ္ဂိုလ်များကို အရေးယူမှုများရှိကြောင်း၊ တာဝန်ရှိသည့် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ကိုလည်း အရေးယူခြင်းများရှိကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများ လုပ်ဆောင်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ပုဂ္ဂိုလ်များနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီအချို့လည်း ပါဝင်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်များမှ ပုဂ္ဂိုလ်များလည်း ပါဝင်ကြောင်း၊ ပြည်သူလူထုအချို့လည်း ပါဝင်ကြောင်း၊ အမှုတွဲအားဖြင့် အမှုတွဲ ၇၀ ကျော်ခန့်ကို စစ်ဆေးဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အချို့ကော်မရှင်အဖွဲ့ခွဲများနှင့်ပတ်သက်ပြီး တာဝန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို အရေးယူခြင်းများလည်း ရှိကြောင်း၊ ပြီးပြတ်သည့် အမှုတွဲများရှိသကဲ့သို့ မပြီးပြတ်သေးသည့် အမှုတွဲများလည်းရှိကြောင်း၊ အရေးယူဆောင်ရွက်မှုအခြေအနေအသေးစိတ်ကို မိမိအနေဖြင့် နောင်သတင်းစာရှင်းလင်းပွဲများတွင် ထပ်မံချပြသွားမည်ဖြစ်ကြောင်း။

နောင်လာမည့်ရွေးကောက်ပွဲများတွင် NLD ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိ/မရှိကိုမူ ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဟုသာ ပြောလိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ တွင် ပါဝင်ကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ဥပဒေ ၃၆၉ တွင်လည်း ပါဝင်ကြောင်း၊ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်ပါက ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိသကဲ့သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်လည်းရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းပိုင်ခွင့်လည်းရှိကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးများဖြစ်ကြောင်း၊ အလားတူ သက်ဆိုင်ရာ လွှတ်တော်၊ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများကို ဖော်ပြထားကြောင်း၊ ထို့ကြောင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများဖြစ်နေပါက ရွေးကောက်တင်မြှောက်၍မရကြောင်း၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူဖြစ်ပါက ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပါတီဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ သတ်မှတ်သည့်ဥပဒေနှင့်ကိုက်ညီပါက နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအတိုင်းရရှိမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် ငြိစွန်းခြင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်းများရှိပါက ရွေးကောက်တင်မြှောက်ခံရမည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့စဉ်သတင်းဌာနမှ အယ်ဒီတာချုပ် ဦးမိုးဟိန်း**က NUG အကြမ်းဖက်ဝန်ကြီး ဇင်မာအောင်နှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးတွေ့ဆုံသည့်ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ ယင်းမေးခွန်းမမေးမြန်းမီ ဇင်မာအောင်နှင့် မိုးဇော်ဦး အစရှိသည့် (၂၀၂၁)ပြည်ပြေးအုပ်စု၏ နောက်ခံသမိုင်းအကျဉ်းနှင့် မိမိပါဝင်ခဲ့သည့် ၁၉၈၈ ခုနှစ် ပြည်ပြေးလမ်းပြမြေပုံ၊ ယခုအသေခံပြီး မိုက်မိုက်မဲမဲတိုက်နေကြသည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း PDF လူငယ်များနှင့် ပြည်ပြေးလုပ်ရန်ကြိုးစားနေကြသည့် ပြည်ပြေးအပေါင်းသိရန်အတွက် ၁၉၈၈ က ပြည်ပြေးတစ်ဦးဖြစ်ခဲ့သည့် မိမိအနေဖြင့် မိမိတို့တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို အနည်းငယ်ရှင်းပြလိုကြောင်း၊ NLD မှ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမနိုင်နိုင်အောင်လုပ်ရန် စီမံကိန်းချထားကြောင်း၊ အကယ်၍ မဲမနိုင်နိုင်အောင်လုပ်သည့်နေရာတွင် မဲမသမာမှုပေါ်ပေါက်ခဲ့၍ တပ်မတော်မှဝင်၍ ထိန်းသိမ်းခဲ့ပါက Target Plan လေးခုချခဲ့ကြောင်း၊ ယင်းတို့မှာ CIA Channel၊ MI–6 (အင်္ဂလိပ် ထောက်လှမ်းရေး) Channel ၊ OIC (အစ္စလာမ်နိုင်ငံများအဖွဲ့ချုပ်)Channel၊ ဂျော့ဆိုးရော့ (OSI)တို့ဖြစ်ကြောင်း၊ တပ်မတော်မှ ရွေးကောက်ပွဲ မဲမသမာမှုကြောင့် အာဏာထိန်းခဲ့သည့်အခါတွင် ယှဉ်ပြိုင်ပြည်ပြေးအစိုးရတစ်ရပ်ဖွဲ့ရန် ယခင်ကတည်းက ကြိုတင်စီမံထားပြီးဖြစ်ကြောင်း၊ ထိုသို့ကြိုတင်ရေးဆွဲထားသည့် ဇာတ်ညွှန်းတွင်သုံးမည့် ဇာတ်ကောင်များမှာ ဇင်မာအောင်၊ မိုးဇော်ဦး၊ အိသဉ္ဇာမောင်၊ မင်းကိုနိုင်၊ ဂျင်မီ၊ ဖြိုးဇေယျာသော် အစရှိသည့် ၎င်းတို့ကြိုမွေးထားသည့် CIA နှင့် MI–6 ကနှစ်ပေါင်း ၂၀ ခန့်ကတည်းက ကြိုတင်မွေးထားသည့်ဇာတ်ကောင်များကို ၎င်းတို့ဖွဲ့မည့် စင်ပြိုင်အစိုးရ NUG တွင် ထည့်သုံးရန်ရေးဆွဲထားသည့် Plan ရှိကြောင်း။

ယင်းတို့အထဲတွင် ဇင်မာအောင်သည် ၁၉၉၈ ခုနှစ်၊ နဝတလက်ထက်တွင် ထိန်းသိမ်းခံရပြီး ၂၀၀၉ ခုနှစ်တွင် ထောင်မှလွတ်မြောက်လာကြောင်း၊ ၂၀၁၁ ခုနှစ်တွင် အမေရိကန်နိုင်ငံတွင်ရှိသည့် သမ္မတရော်နယ်ရီဂန် ကိုယ်တိုင်ဦးဆောင်ပြီး ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့သည့် National Endowment For Democracy (NED) ဆိုသည့် အလွန်ကြီးမားသော အမေရိကန်ဘီလီယံချီထောက်ပံ့ထားသည့် ရန်ပုံငွေများကို အသုံးပြုပြီး NED Branch အနေဖြင့် ဇင်မာအောင် ဦးဆောင်ပြီး ရန်ကုန်နိုင်ငံရေးသိပ္ပံဆိုပြီး ထူထောင်ခဲ့ကြောင်း၊ တစ်နည်းအားဖြင့် ဇင်မာအောင်သည် CIA လက်ခွဲဖြစ်သည့် NED ၏ ငွေကြေးအထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးသိပ္ပံထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဇင်မာအောင်သည် CIA ၏လူဖြစ်ကြောင်း၊ NUG တွင် နိုင်ငံခြားရေး ဒုတိယဝန်ကြီးလုပ်နေသည့် မိုးဇော်ဦးသည် MI–6 မှဖြစ်ကြောင်း၊ ၎င်းသည် ၂၀၀၉ ခုနှစ်တွင် ထောင်မှလွတ်မြောက်လာပြီး ထိုင်းနိုင်ငံသို့ထွက်သွားကြောင်း၊ ထိုမှတစ်ဆင့် MI–6 နှင့် ချိတ်ဆက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် NLD အစိုးရဖြစ်လာသည့်အခါတွင် ဒေါ်အောင်ဆန်းစုကြည်ရုံးအဖွဲ့တွင် Chief of staff ဖြစ်လာကြောင်း၊ ၎င်းကို ၂ နှစ်အကြာတွင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အင်္ဂလန်သို့စေလွှတ်ပြီး Master ထပ်မံယူစေခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မိုးဇော်ဦး ပြန်ရောက်လာပြီး ဒေါ်အောင်ဆန်းစုကြည်၏ အရေးကြီးဆုံးရုံးအဖွဲ့၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ဇင်မာအောင်နှင့် မိုးဇော်ဦးအပါအဝင် ပြည်ပြေးအားလုံး၏ပြဿနာသည် မြန်မာနိုင်ငံတွင် ပြည်ပြေးသုံးဆက်ရှိခဲ့ကြောင်း၊ ၁၉၇၀ တွင် ဦးနုမျိုးဆက်၊ မိမိတို့ ဒုတိယမျိုးဆက်၊ တတိယမှာ ဇင်မာအောင်တို့ မိုးဇော်ဦးတို့ မျိုးဆက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဖြစ်လာမှသာ ၎င်းတို့လှုပ်ရှားမှုအစီအစဉ်ရှိလာမည် ဖြစ်သည့်အတွက် ကြိုတင်ကြံစည်ထားပြီး တပ်မတော်အာဏာထိန်းနိုင်သည့်ဖြစ်စဉ်ကို ကြိုတင်စောင့်ဆိုင်းပြီး ဇာတ်ညွှန်းဆွဲထားပြီးဖြစ်ကြောင်း။

NCGUB ဒေါက်တာစိန်ဝင်း ခေါင်းဆောင်သည့် အမျိုးသားညွန့်ပေါင်းအစိုးရ စင်ပြိုင်အစိုးရ မာနယ်ပလော၌ ဖွဲ့စဉ်က မိမိကိုယ်တိုင်မီခဲ့ကြောင်း၊ KNU ဘက်နှင့် ဗိုလ်ချုပ်ဘရန်ဆိုင်းနှင့် ဗိုလ်ချုပ်မြဘက်နှင့် ထောင်လိုက်သော်လည်း နောက်ပိုင်းတွင် တော်လှန်ရေးရန်ပုံငွေများ အလွဲသုံးစားမှုများဖြစ်လာသည့်အခါတွင် ဒေါက်တာစိန်ဝင်း၊ ဦးဘိုလှတင့်တို့ကိုဖြုတ်ချရန်အတွက် မိုးသီးဇွန်တို့ပါသည့်အဖွဲ့မှ ဖြုတ်ချရန် ကြိုးစားမှုပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် ဒေါက်တာစိန်ဝင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ မောင်တစ်ဝမ်းကွဲဖြစ်နေသည့် အချက်တစ်ချက်ကြောင့် ဖယ်ရှားရန်ကိစ္စမှာ လုံးဝမဖြစ်နိုင်ခဲ့ကြောင်း၊ ထိုအချိန်တွင် မိမိတို့ အင်မတန်အားကိုးအားထားပြုရသည့် ခေါင်းဆောင်ကြီးတစ်ဦးက **“ငါတော့မပါဘူး။ မင်းတို့ဖြုတ်ချ။ ဘာဖြစ်လို့ခင်ဗျား မပါရတာလဲမေးတော့ ငါတို့ရဲ့ မြန်မာ့ပြည်ပနိုင်ငံရေးဟာ ငါတို့ရဲ့ Life Carrier ဖြစ်နေတယ်ကွ။ ဒါကို ငါတို့စဉ်းစားဖို့လိုတယ်။ ဒေါက်တာစိန်ဝင်းကို ငါတို့တိုက်လို့မရဘူး”** ဟုပြောဆိုခဲ့ကြောင်း၊ ဆိုလိုသည်မှာ ပြည်ပြေးများသည် မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် သတ်မှတ်ထားသည်ဆိုသည့်အချက်ကို သိရသည့်အခါတွင် မိမိအနေဖြင့် များစွာတုန်လှုပ်ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိပြောလိုသည်မှာ ဇင်မာအောင်တို့ မိုးဇော်ဦးတို့သည် CIA၊ MI–6၊ NED၊ OSI တို့က ကြိုတင်ရွေးချယ်ထားသည့်လူများသာ NUG မှာ ပါ၍ရကြောင်း၊ ထိုသို့မဟုတ်သည့် ထီရောင်းသူ၊ စာချုပ်ရောင်းသည့်သူများ၊ မြန်မာနိုင်ငံမှ နေအိမ်များအဆုံးရှုံးခံပြီး မြန်မာနိုင်ငံတွင် သိန်းပေါင်း၊ သန်းပေါင်းများစွာ ပိုင်ဆိုင်မှုများကို စွန့်လွှတ်ပြီး ပြည်ပြေးဖြစ်ပြီး အမေရိကန်ကိုရောက်သွားသည့် ဆယ်လီများ၊ စာချုပ်ရောင်း၊ ထီရောင်းပေး နေသူများ၊ ဗိုလ်ချုပ်ကြီးမင်းမော်ကွန်းတို့ကဲ့သို့ ထိုင်းနယ်စပ်တွင် ဂိန်နေရသူများ၊ အနုပညာရှင်များ ထောင်ထဲရောက်ပြီး ဘဝပျက်သူများ၊ အနုပညာရှင်များနှင့် မြန်မာနိုင်ငံမှဆယ်လီများသည် အသုံးချခံသက်သက်ဖြစ်ကြောင်း၊ ၎င်းတို့ကို NUG မှ အရဝကဖ (အရက်ဝယ်ကြက်ဖမ်း)အဆင့်သာ သတ်မှတ်ထားကြောင်း၊ ယင်းတို့ကို NUG မှာ နေရာရလာမည်မဟုတ်ကြောင်း၊ နေရာပေးရန်လည်း အစီအစဉ်မရှိကြောင်း။

NUG ၏အဓိက နိုင်ငံခြားရေးဌာန၊ ဘဏ္ဍာရေးဌာနတို့က CIA ၊ MI–6 ၊ NED ၊ OSI ၊ ဂျော့ဆိုးရော့ကိုင်ထားသည့် Story ရွေးချယ်ထားသည့်သူများသာ ၎င်းနေရာကို ရနိုင်မည်ဖြစ်ကြောင်း၊ ယင်းကို မိမိအနေဖြင့် သိစေလိုကြောင်း၊ မည်သူတွေ မည်မျှအနစ်နာခံခဲ့သည်ဖြစ်စေ လမ်းမများပေါ်၌သေ၊ တောထဲ၌သေ၊ စစ်ကိုင်းတိုင်း၌ ကြိုက်သလောက်သေပါစေ ထိုသူများသည် NUG အစိုးရတွင် မည်သည့်အချိန်မှာမှ နေရာရလာမည်မဟုတ်ကြောင်းကို ညီငယ်များကို ဆယ်လမွန်စိတ်ဓာတ်ဖြင့် ပြောလိုကြောင်း၊ မိမိတို့သည် ဆယ်လမွန်ငါးကဲ့သို့ မိမိဇာတိမြေကို သေဖို့ရောက်လာကြသူများသာဖြစ်ကြောင်း၊ မိမိတို့ခန္ဓာကိုယ်ကိုကျွေးပြီး နောက်မျိုးဆက်ကိုရှင်သန်ဖို့ လုပ်ရမည့်အချိန်ရောက်နေပြီဖြစ်ကြောင်း၊ မိမိသမိုင်းကိုချနင်းပြီးပြောခြင်းဖြစ်ကြောင်း၊ ပြည်ပြေးလုပ်ရန် ကြိုးပမ်းနေသူများ၊ ပြည်ပြေးလောကထဲမှ ညီငယ်များ၊ အကြမ်းဖက်တိုက်နေသည့် စစ်ကိုင်းတိုင်းထဲမှ ညီငယ်များကိုပြောလိုသည်မှာ **“မင်းတို့ ဘယ်တော့မှ ဘာမှဖြစ်မလာဘူး။ သူတို့ CIA ၊ MI–6 ၊ NED ၊ OSI ကသူတို့လူတွေ၊ ဇင်မာအောင်၊ မိုးဇော်ဦး၊ အိသဉ္ဇာမောင်၊ မြအေး၊ မင်းကိုနိုင်၊ ဂျင်မီ၊ ဇေယျာသော်တို့ကို သူတို့သတ်မှတ်ရွေးထားပြီးဖြစ်တယ်”** ဒေါ်အောင်ဆန်းစုကြည် အလွန်ဆိုသည်ကို ဇာတ်ညွှန်းဆွဲထားပြီး အဆိုပါ Plan ကို ဆွဲထားခြင်းဖြစ်သောကြောင့် မည်သူတို့သေသေ၊ မည်သူဘာဖြစ်ဖြစ်၊ သူငွေးများလည်း ဘဝပျက်၊ PDF များလည်း လမ်းပေါ်မှာသေ၊ စစ်ကိုင်းတိုင်းထဲ၌ဆိုလည်း ဘဝများ ပျောက်ကုန်ပြီဖြစ်ကြောင်း၊ သို့သော်လည်း ဘာမှဖြစ်လာမှာမဟုတ်ကြောင်း၊ မိမိတို့ပါဝင်ခဲ့သည့် ၁၉၈၈ ကဲ့သို့ပင် ၂၀၂၁ NUG အစိုးရသည်လည်းတော်လှန်ရေးထဲတွင်လုပ်စားပြီး လူထုရန်ပုံငွေနှင့်ရပ်တည်ကာ ကျဆုံးသွားမည်ဆိုသည့်သံသရာသာ လည်သွားမည်ဖြစ်ကြောင်း၊ အထက်ပါအကြောင်းအရာများကို မိမိအနေဖြင့် ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲတွင် ရှင်းပြခွင့်ရသည့်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပပေးသည့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ပုံပြင်

# လူသားနှင့် လောဘ

**မင်းယုဝေ**

တစ်ရံရောအခါ သူတောင်းစား တစ်ယောက်သည်ပိုက်ဆံအိတ်အဟောင်း တစ်ခုကိုလက်ဆွဲလျက် အိမ်တကာသို့ လှည့်လည်တောင်းရမ်း၏။ ထိုသို့ တောင်းရမ်းစဉ် သူတောင်းစားက...

"သူချမ်းသာတို့သည် အလွန်လောဘ ကြီးကြသည်။ သူတို့တွင် ငွေကြေးများစွာ ပိုင်ဆိုင်သော်လည်း ထပ်၍ထပ်၍ပင် လိုချင်နေကြသည်။ ထို့အတူ ကုန်သည် ကြီးများသည်လည်း အိမ်ကြီးအိမ်ကောင်း ဖြင့် နေထိုင်ရပါလျက် တင်းတိမ်ရောင့်ရဲမှု မရှိကြ။ ကုန်သည်လုပ်ငန်းကို ဆက်လက် လုပ်ကိုင်နေကြသည်။ သင်္ဘောများ တိုးတက်ပိုင်ဆိုင်ရန် ကြိုးစားအားထုတ် နေကြသည်။ သို့ရာတွင် လူတို့၏သင်္ဘော အချို့မှာ ပင်လယ်ပြင်တွင် မုန်တိုင်းမိ၍ ပျက်စီးနေကြသည်။ လောဘ၏ ဆိုးကျိုး ကို ခံစားနေကြသည်။

ယခု ငါတောင်းရမ်းသော အိမ်ရှိ သူဌေးကြီးမှာလည်း သန်းကြွယ်သူဌေး ဖြစ်သည်။ သို့ရာတွင် နောက်ထပ်၍ ငွေသန်းပေါင်းများစွာ ပိုင်ဆိုင်ရန် လုပ်ကိုင် နေဆဲ ဖြစ်ကြသည်။ လူသားတို့သည် လောဘနောက်သို့ လိုက်နေကြသည်မှာ မိုက်မဲပေစွတကား"ဟူ၍ တစ်ကိုယ်တည်း ရေရွတ်ပြောဆို၍ လူချမ်းသာများကို ပြစ်တင်ရှုတ်ချသည်။ ထိုအခိုက် နတ်သမီး တစ်ပါးသည် သူတောင်းစားရှေ့၌ ပေါ်လာသည်။

နတ်သမီးက .....

"အို.. သူတောင်းစား၊ ငါသည်သင့်ကို မစရန် အချိန်ကာလကြာမြင့်စွာပင် ကြံစည်စိတ်ကူးခဲ့သည်။ ယခုသင့်ကို မစတော့မည်။ သင်၏ ပိုက်ဆံအိတ်ကို ဖွင့်ထားပါ။ သင်လိုလား တောင့်တသမျှ သော ရွှေဒင်္ဂါးများ အိတ်အတွင်းသို့ ရောက်ရှိလာစေရမည်။ သို့ရာတွင် သင်သည် စည်းကမ်းချက်တစ်ခုကိုမူ လိုက်နာရမည်။ သင့်ပိုက်ဆံအိတ်အတွင်း သို့ ရွှေဒင်္ဂါးများရောက်ရှိ၍ ပြည့်လာလျှင် သင်၏တောင့်တမှုကို ရပ်လိုက်ရမည်။ အကယ်၍ ပိုက်ဆံအိတ်အတွင်းမှ ရွှေဒင်္ဂါး တစ်ပြား ထွက်ကျလျှင် သင်ပိုင်ရွှေဒင်္ဂါး အားလုံးဆုံးရှုံးရလိမ့်မည်။ သင့်လောဘကို ထိန်း၍ ထိုစည်းကမ်းချက်ကို လိုက်နာ နိုင်မည်လော"ဟု မေးမြန်း၏။

ထိုအခါ သူတောင်းစားက...

"ကျွန်ုပ်သည် လောဘကို ထိန်း၍ ထိုစည်းကမ်းချက်ကို လိုက်နာပါမည်" ဟု ဝန်ခံကတိပြုလိုက်၏။

ဤတွင် နတ်သမီးက...

"သင့်ပိုက်ဆံအိတ်ကို ဖွင့်ထားလော့၊ ရွှေဒင်္ဂါးကိုတောင့်တလော့"ဟု ဆိုလိုက်၏။

သူတောင်းစားလည်း ပိုက်ဆံအိတ်ကို ဖွင့်၍ ရွှေဒင်္ဂါးများကို တောင့်တလိုက် သည်။ ထိုအခါ ခဏအတွင်းမှာပင် ရွှေဒင်္ဂါးများ တစ်ပြားပြီးတစ်ပြား ကျလာ သည်။

အိတ်အတွင်းသို့ ရွှေဒင်္ဂါးများ အိတ် တစ်ဝက်ကျော် ရောက်လာသောအခါ နတ်သမီးက...

"အဆွေ၊ သင့်အဖို့ ဤမျှရလျှင် လုံလောက်ပါပြီ။ အကယ်၍ သင့်ပိုက်ဆံ အိတ်အဟောင်းသည် ရွှေဒင်္ဂါးများ များလွန်းသဖြင့် ပေါက်ပြဲသွားပါက အောက်သို့ ထွက်ကျလိမ့်မည်"ဟု သတိပေး၏။

သူတောင်းစားက..

"စိတ်ချပါ အရှင်နတ်သမီး၊ ကျွန်ုပ် ရွှေဒင်္ဂါးပြားများကို ထပ်မံလိုပါသေးသည်။ ပေးသာပေးပါ။ ကျွန်ုပ်ပိုက်ဆံအိတ် မပေါက်ပြဲနိုင်ပါ"ဟုဆိုကာ ထပ်မံ တောင်းဆို၏။

နတ်သမီးလည်း သူတောင်းစား တောင်းဆိုသည့်အတိုင်းပင် ရွှေဒင်္ဂါးပြား များကို တစ်ပြားပြီးတစ်ပြား အိတ်အတွင်း သို့ချပေးသည်။ မကြာမီ ပိုက်ဆံအိတ်သည် ရွှေဒင်္ဂါးပြားများဖြင့် ပြည့်ဖောင်း၍လာ၏။

နတ်သမီးက...

"အဆွေ၊ တော်လောက်ပြီ" ဟု ဆို၏။

သူတောင်းစားက မရပ်တန့်နိုင်။ လောဘ ကြီးစွာဖြင့် "ထပ်ပေးပါဦး"ဟု ဆို၏။

ဤတွင် ပိုက်ဆံအိတ်အဟောင်း သည် ပေါက်ပြဲကာ ရွှေဒင်္ဂါးအချို့ မြေပေါ်သို့ ကျသွားလေသည်။ ထိုခဏ၌ပင် ပိုက်ဆံအိတ်အတွင်းရှိ ရွှေဒင်္ဂါးအားလုံး ကွယ်ပျောက်သွားလေ သည်။ နတ်သမီးလည်း ကွယ်ပျောက်သွား လေသည်။

သူတစ်ပါးအား လောဘကြီးသည်ဟု ဝေဖန်ပြစ်တင်သော သူတောင်းစားသည် မိမိအလှည့်သို့ ရောက်သောအခါ လောဘကို မထိန်းနိုင်။ သူ၏လောဘ ကြောင့်ပင် ရွှေဒင်္ဂါးများ ကွယ်ပျောက်ကာ သူတောင်းစားဘဝသို့ ပြန်ရောက်သွား လေသည်။ ။

**(ရုရှားစာရေးဆရာကြီး ကရီးလော့စ် ၏ ဒဏ္ဍာရီပုံပြင်)**

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင် ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





## ကဗျာ

### ရေပွဲခံတဲ့လ

ပြိုသဲအကြို ကဆုန်ပြည့်မှာ
ရဂုံတဘွေ့ ခန်းဝနာ
ဝတ်မှုန့်ကြွေ့လို့ ကြိုင်လှျမ်းစွာငယ်
ခိုင်ပန်းစံကားဝါ ဝေသပ။
ရွှေဗီဦးနှင့် ကွမ်းဖူးဖြာလျှင်
သွန်းမြူးသီတာ ရေပွဲခံတဲ့လ။
ဗုဒ္ဓရှင်မြတ် စောသတ္တာငယ်
မြင်ဖွားပြန်ရာ ဤမာသ။
ထင်ရှားစံကာ ပလ္လင်္ကမ္ဘ
ရွှေဉာဏ်သဗ္ဗ အောင်ပြန်တုံ။
မလ္လာရွှေပြည် ဌာနီနန်းမှာ
သောင်ခေမာကမ်း လှမ်းတဲ့ခါနှင့်ဆုံ။
နေ့ထူးရက်မြတ် ခါအကြုံမှာ
သတ္တဝါကုန် မာစေကြောင်းနှင့်
တကောင်းရေအိုး ပန်းစုံညီ
သွန်းကြ ပဏာချီ။
ဆောင်ပွေကွန်းက ဆုညွှန်းရည်သည်
တို့ကျွန်းဇမ္ဗူဒီ
အောင်ကြောင်းပေပေါ့လေး။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## လူမှု ၁၀ — လူငယ်များအတွက် အောင်မြင်မှုနည်းလမ်းများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

လူငယ်များအနေဖြင့် အောင်မြင်မှုဖြင့် ရစ်ပတ်လွှမ်းခြုံလိုလျှင် လွယ်ကူသောနည်းလမ်းတစ်ရပ်ကား အောင်မြင်သူများနှင့် ပေါင်းသင်းနေထိုင်ရေးပင်ဖြစ်သည်။ ထိုသို့ ပေါင်းသင်းဆက်ဆံမှုမှ တစ်ဆင့် အောင်မြင်မှုအတွက် အထောက်အကူဖြစ်သော အရည်အသွေးများနှင့် ထိတွေ့မှုရှိလာမည်ဖြစ်သည်။

"ပန်းတိုင်တစ်ခု ထားရှိပါ"

လူငယ်များအနေဖြင့် မည်သည့်အရာကို ရရှိလိုသည်ပင်ဖြစ်စေ ထိုအရာကို ရရှိရေးအတွက် ရည်မှန်းချက်ပန်းတိုင်တစ်ခုကို ပထမဦးဆုံးချမှတ်ရန်လိုအပ်သည်။ ထို့ကြောင့် ဘဝတွင် အောင်မြင်နေသူများနှင့် ပေါင်းသင်းဆက်ဆံနေမှုကို စိတ်ကူးပုံဖော်ခံစားကြည့်ပါ။ သင့်ပတ်ဝန်းကျင်ရှိ အောင်မြင်နေသူများကို ရှာဖွေ၍ သူတို့နှင့် သိကျွမ်းနိုင်မည့်နည်းလမ်းကို ကြံဆပါ။ ဤတွင် မိမိ၏စွမ်းရည်နှင့် မိမိကို အထင်ကြီးလေးစားလာအောင် ပြသရန်လိုသည်။ အောင်မြင်နေသူများသည် လူငယ်များတွင်ရှိသော အရည်အသွေးကို မမြင်မချင်း သူတို့နားသို့ အကပ်ခံလိမ့်မည်မဟုတ်ချေ။

လူငယ်များအနေဖြင့် ဖြစ်နိုင်လျှင် အောင်မြင်သူတစ်ဦးအတွက် အလုပ်လုပ်ပါ။ ရိုးသားမှုရှိပါ။ စံချိန်ပိုမိုပြီး ကြာကြာအလုပ်လုပ်ရန် မတုံ့ဆိုင်းပါနှင့်။ တက်ကြွထက်သန်သော လေ့လာဆည်းပူးသူတစ်ဦးဖြစ်အောင် ကြိုးပမ်းရမည်ဖြစ်သည်။ အောင်မြင်သူများနှင့်တွေ့ဆုံပြီး သူတို့၏အထင်ကြီးလေးစားမှုကို ရရှိပါလျှင် သူတို့သည် လူငယ်များကို အောင်မြင်ရာလမ်းကြောင်းသို့ ဦးတည်ပေးလိမ့်မည်။ အောင်မြင်သူအများစုသည် ဤလမ်းကြောင်းကို လိုက်ကြသည်။ ကောင်းမွန်သောဥပမာတစ်ခုမှာ ဟင်နရီဖို့ဒ်(Henry Ford)သည် သောမတ်စ်အက်ဒီဆင် (Thomas Edison)နှင့် ဖိုင်းယားစတုံး (Firestone) တို့နှင့် ပေါင်းသင်းဆက်ဆံခြင်းဖြင့် သူ၏အောင်မြင်သော စိတ်ကူးစိတ်သန်းအများစုကို ရရှိခဲ့သည်။ အက်ဒ်ဝင်စီဘားနန့်စ် (Edwin C.Barnes) သည်လည်း အက်ဒီဆင်နှင့်ပေါင်းသင်း၍ သန်းကြွယ်သူဌေးဖြစ်လာခဲ့သည်။ အခြားသာဓကတစ်ရပ်မှာ ဒိုမီနို့စ်ပီဇာ (Dominoes Pizza) မှ သောမတ်စ်မိုနက်ဟန် (Thomas Monaghan) ဖြစ်သည်။ သူ၏ဂုရု (Guru)ကြီးမှာ မက်ဒေါနယ်လ်ကော်ပိုရေးရှင်း (Mc Donald Corporation)မှ ရေးခရော့(Ray Kric) ဖြစ်သည်။

အခြားအောင်မြင်ရေး အထောက်အကူနည်းလမ်းကောင်းတစ်ရပ်မှာ အောင်မြင်သူတို့၏ မဟာဗျူဟာများကို သင်ကြားပို့ချပေးသော စာအုပ်များနှင့် မဂ္ဂဇင်းများကို ဖတ်ရှုခြင်းပင်ဖြစ်သည်။ ဈေးဝယ်ထွက်ရန် အချိန်ပိုသည့်အခါတိုင်း စာအုပ်ဆိုင်သို့ဝင်၍ စာအုပ်များကို မွှေနှောက်ပါ။ မိမိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကောင်းသော စာအုပ်ကို တွေ့လျှင် ဝယ်ယူပါ။ ဖတ်ရှုပါ။ စာကြည့်တိုက်လေးတစ်ခု ထူထောင်ထားပါ။ အောင်မြင်သူတို့အကြောင်း ဖတ်ရှုသည့်အခါတိုင်း သူတို့၏ မဟာဗျူဟာများကို လေ့လာပါ။ ယင်းတို့ကို မည်သို့ အသုံးပြုနိုင်မည်ကို ဆန်းစစ်ပါ။

လူငယ်များသည် အောင်မြင်ရေးနှင့် ပတ်သက်သောစာအုပ်များကို ဖတ်ရှုခြင်းဖြင့် မိမိတို့၏ အောင်မြင်ရေးဆုံးဖြတ်ချက်ကို အတည်ပြုနိုင်ပေမည်။ အောင်မြင်လိုသောဆန္ဒ ပြတ်ပြတ်သားသား ရှိနေရန်လိုသည်။ အချိန်တိုတိုအတွင်းမှာ လူငယ်များသည် အောင်မြင်သူတစ်ယောက်ကဲ့သို့ တွေးတောခံစားနေသည့်အဖြစ်မျိုးကို ကြုံရပေလိမ့်မည်။

ထို့ပြင် အောင်မြင်သူအများစုသည် အမှန်အမှားကို ခွဲခြားသိနိုင်သည့် စွမ်းရည်ပြည့်ဝပြီး ကောင်းသည်ကို ရွေးချယ်နိုင်စွမ်းရှိသည်။ ဥပမာအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

- စိတ်ဓာတ်၊ အကျင့် စသည်တို့အပေါ် အခြေခံရန် မိတ်ဆွေစစ် မိတ်ဆွေမှန်များ ရွေးချယ်ခြင်း။
- ခေါင်းဆောင်ကောင်းကို ရွေးချယ်ခြင်း။
- အကြံဉာဏ်ကောင်းများကို သိမြင်ခြင်း။
- မှန်ကန်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ရွေးချယ်ခြင်း။

အကောင်းအဆိုးကို ခွဲခြားသိမြင်သော စွမ်းရည်ဖွံ့ဖြိုးအောင် ပြုလုပ်နိုင်ပါလျှင် မိမိတို့၏အသိစိတ်သည် ရေဒီယိုအသံလှိုင်းများကို ဖမ်းယူသကဲ့သို့ တစ်ပါးသူတို့၏လှိုင်းများကို ဖမ်းယူနိုင်သည်။ သက်ဆိုင်ရာလူကို နှိုက်နှိုက်ချွတ်ချွတ် စေ့စေ့စပ်စပ်လေ့လာပြီး ထိုသူ၏အတိတ်နှင့် ပစ္စုပ္ပန်အချက်အလက်များကို ရယူပါ။ ထဲထဲဝင်ဝင်မေးခွန်းများမေးမြန်း၍ တုံ့ပြန်မှုကို လေ့လာပါ။ ပြင်ပအသွင်အပြင်နှင့် အပြောချိုမှုကို မယုံစားသင့်ချေ။

လူငယ်များအနေဖြင့် အမြင်ကျယ်ရမည်။ အခြေအနေကို အမြင်စောင်းမှုဖြင့် အရောင်မဆိုးသင့်ချေ။ ချက်ချင်းလက်ငင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မချပါနှင့်။ ဤသို့ပြုခြင်းဖြင့် သက်ဆိုင်ရာလူကို ပို၍ဆန်းစစ်အကဲဖြတ်ရန် အချိန်ပိုရလာမည်။ မိမိတို့၏ ဖန်တီးတတ်သောစိတ်ကို ပေးစွမ်းလိမ့်မည်။ အခြားသူများကို လေ့လာလျှင် ကိုးကားရည်ညွှန်းချက်များသည် မိမိတို့၏ ဆုံးဖြတ်ချက်အတွက် လမ်းညွှန်ချက်များသာ ဖြစ်သည်။

အနှစ်ချုပ်ဆိုရလျှင် လူငယ်များအနေဖြင့် အောင်မြင်မှုရရှိရန် အောင်မြင်သူတို့နှင့် ပေါင်းသင်းရမည်။ အောင်မြင်ရေးနည်းလမ်းများကို ထဲထဲဝင်ဝင် ဖတ်ရှုရမည်။ အမှားမှအမှန်သို့ ခွဲခြားသိနိုင်စွမ်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ။

[Ref: Basking in Success by MS Reddy]

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၀-၅-၂၀၂၂ ရက်နေ့မှအဆက်

ဗိုလ်မှူးညိုထွန်း၏စကားကို ကိုမောင်မောင်ဦး ယုံကြည်ဟန်မတူ။

"ကျွန်တော်တို့ တွေ့ခဲ့ကြတာ သုံးနာရီထက် ပိုမကြာနိုင်သေးပါဘူး ကိုညိုထွန်း"

"ဟုတ်ကဲ့။ ခင်ဗျားကိုတွေ့ပြီး တစ်မိနစ်အတွင်းမှာ သူ ဒီမြို့က အမြန်ဆုံးထွက်သွားဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။ ဖြန်းစားကြီးပဲ ဒီမြို့က ထွက်သွားကြပါတယ်။ သူတို့မှာ မော်တော်ကားကလည်း ပါခဲ့လေတော့ အချိန်မရွေး ထပြန်ဖို့ အခွင့်အရေး ရသွားတာပေါ့"

သည်တော့လည်း ဗိုလ်မှူးညိုထွန်း၏စကားကို သူ တစ်စထက်တစ်စ ယုံကြည်လာနိုင်ပုံရသည်။ လက်ခံလာနိုင်ဟန်တူသည်။ တစ်ဆက်တည်းမှာပင် စိတ်ပျက်လက်ပျက်ဖြစ်ရခြင်း အရိပ်အသွင်များကို သူ့မျက်နှာ၌ မြင်ရသည်။

"ခင်ဗျားက သူနဲ့တွေ့ချင်ပေမဲ့ သူကတော့ ခင်ဗျားနဲ့ နည်းနည်းကလေးမှ တွေ့ချင်ပုံမရဘူး ကိုမောင်မောင်ဦး"

ဗိုလ်မှူးညိုထွန်းဆိုသည်။

"ဒါကို ကျွန်တော်မအံ့ဩပါဘူး ကိုညိုထွန်း၊ ဒီလိုပဲ ဖြစ်ရမှာပေါ့။ အမှန်ပြောရရင်တော့ ကျွန်တော်ကိုယ်တိုင်လည်း လောလောဆယ်မှာ ခင်ခင်ကြီးနဲ့ မတွေ့ချင်ပါဘူး။ မဆုံချင်ပါဘူး။ ကျွန်တော် အဓိက ဆုံချင်တာ နန်းကိန္နရီပါ"

"နန်းကိန္နရီ"

"ဟုတ်ပါတယ်။ ဒီကလေးမရဲ့ အကြောင်းကို ကိုညိုထွန်းလည်း သိတန်သလောက် သိနေပြီ ထင်ပါတယ်"

ဗိုလ်မှူးညိုထွန်းသည် ကိုမောင်မောင်ဦးကို စီးကရက်တည်သည်။ အမေးကို များစွာအရေး မကြီးသလိုဖြေသည်။

"အနည်းအကျဉ်းဆိုသလောက်တော့ သိပါတယ် ကိုမောင်မောင်ဦး"

ကိုမောင်မောင်ဦး၏မျက်နှာတွင် စိတ်ဝင်တစားဖြစ်လာခြင်း အသွင်အပြင်များ ပေါ်ပေါက်လာလေပြန်ပြီ။

"ဒီမယ်။ ကျွန်တော့်ကို အမှန်အတိုင်းပြောစမ်းပါ ကိုညိုထွန်း။ တစ်မြို့တည်းသားချင်းအနေနဲ့၊ ခင်မင်ရင်းနှီးရင်းစွဲ ရှိခဲ့ကြတဲ့ လူတစ်ယောက်အနေနဲ့ ကျွန်တော့်အမေးကို သေသေချာချာ အဖြေပေးစမ်းပါ။ နန်းကိန္နရီဟာ ခင်ခင်ကြီးရဲ့ သမီးအစစ်အမှန်လို့ ကိုညိုထွန်းထင်သလားဟင်။ ကိုညိုထွန်း ယုံကြည်သလား"

သူ၏အမေးမှာ ဗိုလ်မှူးညိုထွန်းအတွက် အဖြေရခက်သောအမေး။ ပြီး ကိုမောင်မောင်ဦးက သူဖြေလာမည့်အဖြေကို အလေးအနက် ကြားလိုဟန်ဖြင့် စောင့်စားနေရာ ဗိုလ်မှူးညိုထွန်း ရုတ်တရက် အဖြေမပေးတတ်နိုင်အောင် ရှိရသည်။ သူသည် ကိုမောင်မောင်ဦး၏မျက်နှာကို ပြန်လည်စူးစိုက်ကြည့်သည်။ နောက်တော့ သက်ပြင်းရှိုက်ခြင်းနှင့် အတူ ပြောမိသည်။

"ကျွန်တော်သိရသလောက်၊ နားလည်ရသလောက် အတိုင်းအတာနဲ့ ပြောရမယ်ဆိုရင် နန်းကိန္နရီဟာ ခင်ခင်ကြီးရဲ့ သမီးအစစ်အမှန်ဖြစ်ဖို့အတွက် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းလောက် သေချာတယ်လို့ ပြောရလိမ့်မယ်ထင်တယ် ကိုမောင်မောင်ဦး"

ကိုမောင်မောင်ဦး၏ မျက်ဝန်းများမှာ တောက်ပလာသည်။ သူသည် ဗိုလ်မှူးညိုထွန်း၏ မျက်နှာကို ကြာမြင့်စွာ ကြည့်နေသည်။ ပြီးမှ ခပ်ဆတ်ဆတ် မေးခွန်းထုတ်သည်။

"ဒါကို ဘယ်လိုအထောက်အထားနဲ့ ပြောနိုင်တာလဲ ကိုညိုထွန်း"

ဗိုလ်မှူးညိုထွန်းသည် ကိုမောင်မောင်ဦး၏အမေးကြောင့် ပြုံးလိုက်သည်။

"ခင်ဗျားဟာ တရားသူကြီးတစ်ယောက် မဟုတ်သလို၊ ကျွန်တော်ဟာလည်း တရားခံတစ်ယောက်တော့ ဟုတ်နိုင်မယ်မထင်ပါဘူးနော် ကိုမောင်မောင်ဦး"

သည်တော့မှပင် ကိုမောင်မောင်ဦးသည် သူ၏အမေးက ဗိုလ်မှူးညိုထွန်း၏စိတ်ကို အဘယ်မျှ အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း တွေးမိပုံရသည်။ ဆန္ဒစောနေမိလွန်းသောကြောင့် တစ်ဖက်သား၏ ဂုဏ်သိက္ခာကိုပင် မေ့လျော့သွားခဲ့ကြောင်း သတိရမိပုံပေါ်သည်။ သူသည် ပျာပျာသလဲ တောင်းပန်သည်။

"ကျွန်တော့်အမူအရာက သိပ်များ ရိုင်းရာကျသွားသလားမသိဘူး။ အဲဒီလိုဖြစ်နေရင်လည်း ခွင့်လွှတ်ပါ ကိုညိုထွန်း၊ ကျွန်တော့်ရင်ထဲမှာ ဘယ်လောက် ဗလောင်ဆူပြီး ဘယ်လိုဖြစ်နေမယ်ဆိုတာ ကိုညိုထွန်း ကိုယ်ချင်းစာနိုင်ပါလိမ့်မယ်။ ဆိုပါတော့ဗျာ။ တကယ်လို့ နန်းကိန္နရီသာ ခင်ခင်ကြီးရဲ့ သမီးအရင်းဖြစ်ခဲ့ရင် ကျွန်တော်ဟာလည်း နန်းကိန္နရီရဲ့ ဖခင်မဖြစ်နိုင်ဘူးလား။ နန်းကိန္နရီရဲ့အကြောင်းကို ကျွန်တော်သိချင်တာ၊ သူနဲ့တွေ့ချင်တာတွေဟာ ဖအေတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ဆန္ဒတွေပဲမဟုတ်လား"

"ဒါကို ကျွန်တော်လည်း နားလည်ပါတယ် ကိုမောင်မောင်ဦး။ ဒါတင်မကပါဘူးလေ။ ခင်ခင်ကြီးနဲ့ ခင်ဗျားရဲ့ ပြဿနာတိုင်းမှာ ကျွန်တော် နားလည်သင့်တာထက်ပိုပြီး နားလည်နေမိတယ်လို့ထင်တယ်။ အဲဒီလို နားလည်နေမိလို့လည်း ကျွန်တော်ကြားက နေပြီး ရင်မောရတယ်။ ခင်ဗျားတို့ချင်း ပြေပြေလည်လည် ဖြစ်စေချင်တာ ကြာလှပါပြီ။ ကျွန်တော်ဟာ လွတ်လပ်ပျော်ရွှင်ခွင့်နည်းပါးတဲ့ လူတစ်ယောက်ပါ။ အဲဒီအကြားက ခင်ဗျားတို့ပြဿနာဟာ ကျွန်တော့်ရဲ့ လွတ်လပ်ပျော်ရွှင်တဲ့အချိန်ကို နုတ်ယူသွားတတ်ပါသေးတယ်"

"ကိုညိုထွန်း ကျွန်တော့်အပေါ်မှာ နားလည်နိုင်တာ ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ကျွန်တော်ဟာ ကိုညိုထွန်းရဲ့ အဖိုးတန်တဲ့ အချိန်တွေကို ဖြုန်းတီးရာ ကျနေပြီထင်တယ်။ ကဲလေ ကိုညိုထွန်းဆီက ကျွန်တော် လိုချင်တာတစ်ခုပဲရှိတယ်။ အဲဒါကတော့ ကျွန်တော်နဲ့ နန်းကိန္နရီကို တစ်ကြိမ်ပဲ ဖြစ်ဖြစ် ဆုံတွေ့ပေးဖို့ပါပဲ။ ဒါမှမဟုတ် ဆုံနိုင်အောင် ဖန်တီးပေးဖို့ပါပဲ။ ဒီတစ်ခုပဲကူညီပါလို့ ကျွန်တော် တောင်းပန်ပါတယ် ကိုညိုထွန်း၊ ကျန်တဲ့အပိုင်းကိုတော့ ကျွန်တော့်ဘာသာ ဖြေရှင်းပါ့မယ်"

ကိုမောင်မောင်ဦးက လေးလေးနက်နက် လိုလိုချင်ချင်ဆိုသည်။ ထိုအခါ ကိုမောင်မောင်ဦးနှင့်ပတ်သက်၍ ပြဿနာရပ်တိုင်းတွင် အလွယ်တကူ ခေါင်းညိတ်အဖြေပေးရန် ဝန်မလေးသော အလေ့အကျင့်ရနေသည့် ဗိုလ်မှူးညိုထွန်းက ခေါင်းညိတ်ပြလိုက်မိသည်။

ကိုမောင်မောင်ဦး ဝမ်းပန်းတသာဖြစ်သွားသည်။

"ကျေးဇူးပါပဲ ကိုညိုထွန်း။ ကဲ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

ပြောပြောဆိုဆိုမှာပင် ကိုမောင်မောင်ဦး ထိုင်ရာမှ ထသည်။ အခန်းတံခါးပေါက်ဆီသို့ လျှောက်သွားသည်။

ဗိုလ်မှူးညိုထွန်းသည် ကိုမောင်မောင်ဦး၏ ကျောပြင်ကို ကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိလေသည်။

ကိုမောင်မောင်ဦး၏ရင်မှာ လှုပ်ရှားလျက်ရှိသည်။ ဗိုလ်မှူးညိုထွန်းနှင့် ကြုံဆုံလိုက်ရခြင်းအတွက် သူ့မှာ တွေးစရာ တစ်ပုံတစ်ပင်ကြီးရလာသည်။

စင်စစ် ကိုညိုထွန်းအား သည်ပုံစံမျိုးဖြင့် မြင်တွေ့ရလိမ့်မည်ဟု သူမထင်ခဲ့။ တစ်နေ့သောအခါ ကိုညိုထွန်းသည်သို့ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ရိုးအမှန်ပင်။ ကိုညိုထွန်းဆိုသူအား မေ့လျော့ထားမိသည်မှာပင် ကြာမြင့်လှပါပကော။

ယခုမူ ကိုညိုထွန်းဟူသည် သူမထင်မှတ်သော အဆင့်အတန်း၊ မထင်မှတ်သော အခြေသို့ ရောက်နေပါပကော။ ကိုညိုထွန်းအား သည်အခြေသည်အနေဖြင့် မြင်ရသောအခါတွင်မှ မိမိ၏ရေရာခြင်းမရှိသော ဘဝကို ပြန်လည်ဆန်းစစ်မိသည်။ တည်ငြိမ်ခြင်းမရှိသော အခြေအနေကို ပြန်လည်စစ်ကြောမိသည်။ သို့နှင့်အမျှလည်း မိမိကိုယ်ကို သိမ်ငယ်နုန့်နဲ့သွားသည်ဟု အထင်ရောက်မိလေသည်။

အမှန်တွင် ဗိုလ်မှူးညိုထွန်းနှင့် မဆုံရသေးခင်ကတည်းက မိမိကိုယ်မိမိ စစ်ကြောခဲ့ဖို့ကောင်းသည်။ အရင်းအနှီးဆုံး တေဖက်ပွေဖက်တွေကိုပင်ကြည့်။

အတန်းထဲတွင် စာညံ့သော ဂျော့ဆိုလျှင်ပင် မဟာဝိဇ္ဇာဘွဲ့ရပြီး။ ဆိုရှယ်လစ်နိုင်ငံတစ်ခု၏ တက္ကသိုလ်ကျောင်းတစ်ကျောင်းတွင် နှစ်နှစ်ကျော်မျှ နည်းပြဆရာလုပ်ခဲ့ပြီး ယခု ကထိကဖြစ်နေပြီ။

ပက်ထရစ်ဆိုလျှင် ဥပဒေဝိဇ္ဇာဘွဲ့ရကာ ရှေ့နေလိုက်နေပြီ။ ဘော်ဘီသည် စစ်အတွင်းက အိန္ဒိယသို့စစ်ပြေးသည်။ စစ်ပြီးနောက် မြန်မာပြည်သို့ ပြန်မလာ။ အင်္ဂလန်သို့သွားသည်။ တလောက သူ့သတင်းကြားရသည်။ နိုင်ငံခြားဆိပ်ကမ်းမြို့တစ်မြို့တွင် ဂျော့နှင့်ဆုံမိခဲ့ကြသည်။ ယခုသူက သင်္ဘောတစ်စီးမှာ မာလိန်မှူး။

စောဝင်းဆွေခမျာမှာတော့ ပြည်တွင်းစစ်၏ သားကောင်ဖြစ်ခဲ့ရရှာသည်။ ၁၉၄၉ ခုနှစ်က တောခိုသည်။ ၅၂ ခုနှစ်တွင် ဖာပွန်ဘက်၌ ကျဆုံးခဲ့ရှာသည်။

အခြားအခြားသော သူငယ်ချင်းမိတ်ဆွေတွေထဲမှာလည်း အသီးသီး အသကအသက သူ့ရာထူးနှင့်သူ၊ သူ့လုပ်ငန်းနှင့်သူ ထည်ထည်ဝါဝါဖြစ်နေသူတွေ မရှား။ အချို့က စစ်ဗိုလ်၊ အချို့က ဆရာဝန်၊ အချို့က ကျောင်းဆရာ၊ အချို့က အင်ဂျင်နီယာစသည်ဖြင့်။

မိမိနှင့်တူသူမှာ ကိုကျော့မောင်တစ်ယောက်သာ ရှိသည်ဟု ကိုမောင်မောင်ဦး ထင်သည်။ ကိုကျော့မောင်ဟူသည်မှာလည်း ငယ်စဉ်ကပင် ကျောင်းနေရကောင်းမှန်း သိသူမဟုတ်။ မိဘက ကုန်သည်မျိုးရိုးဖြစ်ရာ ကျောင်းပညာကို အထင်မကြီးတတ်ခဲ့။

ကိုကျော့မောင်ကဲ့သို့ ညံ့ဖျင်းသူများစာရင်းတွင် မိမိပါဝင်ရလိမ့်မည်ဟု ကိုမောင်မောင်ဦး မထင်ခဲ့၊ မတွေးခဲ့၊ မမျှော်လင့်ခဲ့။

ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် သောက်ရင်းစားရင်း၊ တေရင်းပွေရင်း လူ့ဘဝ၏ အဖိုးတန်လှသော အချိန်များကို ကုန်ဆုံးမိခဲ့ပါကလားဟု ကိုမောင်မောင်ဦး စဉ်းစားလာတတ်လေပြီ။ အစားပြန်မရနိုင်တော့ပြီဖြစ်သော နေ့ရက်တို့ကို နှမြောတသ လာတတ်ပေပြီ။

ရှေ့အဖို့ အကောင်းကိုသာ ရှာတော့မည်။ မိမိဘဝကို ခိုင်ခိုင်မာမာဖြစ်အောင် ပြန်လည်တည်ဆောက်မည်။ ဘဝကို အဓိပ္ပာယ်ရှိစွာ နေထိုင်တော့မည်ဟု ချက်ချင်းမှာပင် ဆုံးဖြတ်သည်။ တစ်ဆက်တည်းမှာလည်း မိမိရရှိလာသော နောင်တတရားများစွာ နောက်ကျ၍များနေလေပြီလား။ မိမိအဖို့ လောကတွင် အကောင်းဟူသည် ရှိမှရှိပါသေးရဲ့လားဟု သူ့စိတ်တွင် သံသယဝင်လာမိသည်လည်း အမှန်ပင်။

ဂျော့ဘမောင်နှင့် ပြန်လည်ဆုံတွေ့မိကြချိန် ကိုမောင်မောင်ဦးမှာ စိတ်ပျက်လက်ပျက်ကြီး ဖြစ်နေသည်။ စိတ်ဓာတ်ကျဆင်းခြင်းလက္ခဏာများကို သူ့မျက်နှာ၌ မြင်ရသည်။

သို့ရာတွင် ဂျော့ဘမောင်ထံမှ ကြားရသော စကားများက ထိုင်းမှိုင်းလေးလံနေသော သူ့စိတ်သန္တာန်ကို တက်ကြွလာရစေပြန်သည်။ မျှော်လင့်ကိုးစားခြင်းဖြင့် သွေးရောင်လွှမ်းတတ်လာရစေပြန်သည်။

ဂျော့ဘမောင်က ပြောခဲ့သည်။

"မောင်ရင့်အဆက် ရေနံ့သာခင်ခင်ကြီးနဲ့ ပတ်သက်လို့ သတင်းတစ်ခုရခဲ့တယ်သူငယ်ချင်း။ ဒီလို၊ ဥယျာဉ်တန်းမှာ တို့နဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ မိန်းမကြီးတွေရှိတယ်။ ဖြူပြာ၊ မူယာ၊ သူဇာတဲ့။ အသက်ခြောက်ဆယ်ကျော် အပျိုကြီးတွေပေါ့။

**ဆက်လက်ဖော်ပြပါမည်။**

**"ကျွန်တော့်ကို အမှန်အတိုင်းပြောစမ်းပါ ကိုညိုထွန်း။**
**တစ်မြို့တည်းသားချင်းအနေနဲ့၊ ခင်မင်ရင်းနှီးရင်းစွဲရှိခဲ့ကြတဲ့**
**လူတစ်ယောက်အနေနဲ့ ကျွန်တော့်အမေးကို သေသေချာချာအဖြေပေးစမ်းပါ။**
**နန်းကိန္နရီဟာ ခင်ခင်ကြီးရဲ့သမီးအစစ်အမှန်လို့ ကိုညိုထွန်းထင်သလားဟင်။**
**ကိုညိုထွန်း ယုံကြည်သလား"**

**"ကျွန်တော်သိရသလောက်၊ နားလည်ရသလောက် အတိုင်းအတာနဲ့ပြောရမယ်ဆိုရင်**
**နန်းကိန္နရီဟာ ခင်ခင်ကြီးရဲ့သမီး အစစ်အမှန်ဖြစ်ဖို့အတွက်**
**ခုနစ်ဆယ့်ငါးရာခိုင်နှုန်းလောက်..."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၅ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၃၈,၆၈၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၂၂၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၁၈၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၁,၂၆၂,၆၅၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၄၄၁,၆၇၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၅,၈၂၀,၉၈၀) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၉၄၁,၅၃၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၁-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၅၉,၀၂၅,၁၆၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၀) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၉၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၄၉၅) ခု | (၁) ဦး |
| စုစုပေါင်း | (၆,၀၆၄) ခု | (၃) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၂၁-၅-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၄၄၁,၆၇၃) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၅,၈၂၀,၉၈၀) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၉၄၁,၅၃၂) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၁,၂၆၂,၆၅၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၉,၀၂၅,၁၆၅) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၉၈၄၄၅၉ | ၈၁၅၈၆၂၄၉ | ၁၀၂၈၉၀၂ |
| ၂။ | အိန္ဒိယ | ၄၃၁၃၆၃၇၁ | ၄၂၅၉၇၀၀၃ | ၅၂၄၃၁၃ |
| ၃။ | ဘရာဇီး | ၃၀၇၈၀၀၂၈ | ၂၉၈၀၀၂၂၅ | ၆၆၅၆၅၇ |
| ၄။ | ပြင်သစ် | ၂၉၃၃၇၉၈၅ | ၂၈၅၃၄၂၃၁ | ၁၄၇၇၈၀ |
| ၅။ | ဂျာမနီ | ၂၆၀၈၂၁၁၇ | ၂၄၆၀၂၅၀၀ | ၁၃၈၇၀၉ |
| ၆။ | ဗြိတိန် | ၂၂၂၃၈၇၁၅ | ၂၁၈၁၉၂၁၁ | ၁၇၇၉၇၇ |
| ၇။ | ရုရှား | ၁၈၂၉၃၄၅၀ | ၁၇၆၈၈၉၀၃ | ၃၇၈၃၅၀ |
| ၈။ | တောင်ကိုရီးယား | ၁၇၉၅၇၆၉၇ | ၁၇၃၇၁၈၈၀ | ၂၃၉၆၅ |
| ၉။ | အီတလီ | ၁၇၂၂၉၂၆၃ | ၁၆၂၀၆၄၇၆ | ၁၆၅၉၁၈ |
| ၁၀။ | တူရကီ | ၁၅၀၆၁၃၇၆ | ၁၄၉၅၈၈၈၇ | ၉၈၉၂၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၀၈၈၈၇ | ၉၄၀၂၀၄၆ | ၄၃၀၇၅ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၂၅၉၀ | ၅၈၉၂၄၁၁ | ၁၅၆၅၂၂ |
| ၃။ | မလေးရှား | ၄၄၈၇၄၈၂ | ၄၄၂၂၆၁၅ | ၃၅၆၃၈ |
| ၄။ | ထိုင်း | ၄၄၁၁၄၉၄ | ၄၃၂၅၉၅၆ | ၂၉၇၄၉ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၈၇၅၁ | ၃၆၂၆၀၃၈ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၆၆၈၀၈ | ၁၁၈၄၅၂၅ | ၁၃၇၄ |
| ၇။ | မြန်မာ | ၆၁၃၂၂၂ | ၅၉၂၁၈၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၇၂၈ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၆၅၀၆ | ၁၄၄၆၇၂ | ၂၂၁ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |

# ကျွန်းစုမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျွန်းစု မေ ၂၂**

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို မြို့မအားကစားကွင်းအနီး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



သစ်ပင် စိုက်ပျိုးပွဲတွင် ပျဉ်းကတိုးပင် ၂၀၀၊ မဟော်ဂနီပင် ၁၅၀၊ မန်ကျည်းရှားပင် ၁၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သစ်ပင် စိုက်ပျိုးပွဲ၌ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို ဖြန့်ဝေပေးပြီး စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# ငပုတောမြို့၌ မိုးရာသီအကြို စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ငပုတော မေ ၂၂**

မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ငပုတောမြို့နယ် ကြက်လည်ဆစ်ကျေးရွာရှိ ရွှေကြက်ဝပ်ဘုရားတောင်ခြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ငပုတောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးသူရကျော်၊ အဖွဲ့ဝင်(၂) ဦးသန်းဦး၊ အတွင်းရေးမှူး မြို့နယ်ရဲမှူးမြင့်ဆွေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးတင့်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက သတ်မှတ်ထားသောနေရာများတွင် တစ်ပြိုင်နက် စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ငပုတောမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး ကျင်းပခြင်းဖြစ်ပြီး အမြင့်ခြောက်ပေခန့်ရှိသည့် မဟော်ဂနီပင် ၁၅၀၊ ခရေပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မန်ကျည်းရှားအပင် ၁၀၀ စုစုပေါင်း အပင် ၅၀၀ အား တက်ရောက်သူ ၉၈ ဦးဖြင့် ကြက်လည်ဆစ် ကျေးရွာရှိ ရွှေကြက်ဝပ်ဘုရားတောင်ခြေတွင် စုပေါင်း စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဖျာပုံမြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဖျာပုံ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲက ဖျာပုံမြို့ အမှတ် (၃)ရပ်ကွက် အထက(၂)ကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

### စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အထက(၂)ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းအပါအဝင် ဝန်ထမ်းများနှင့် ပြည်သူများတက်ရောက်ကြပြီး ကျွန်းပင် ၂၀၊ မဟော်ဂနီပင် ၃၀၊ မာလာလူးကားပင် ၃၀ နှင့် မန်ကျည်းရှား ၄၂၀ တို့ကို စုပေါင်းပါဝင်စိုက်ပျိုးခဲ့ကြသည်။ ၀၂၇



# မြောင်းမြမြို့၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြောင်းမြ မေ ၂၂**

မြောင်းမြမြို့ မြစိမ်းရောင်တောင်တော် သီဟရာဇာကုန်း၌ ခရိုင်သစ်တောဦးစီးဌာနက စီစဉ်ဆောင်ရွက်မှုဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု ကောင်းမွန်မျှတရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများရရှိရေးတို့ကို ရည်ရွယ်၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပကြောင်း သိရသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်စိုက်ပျိုးကြသည်။

မြောင်းမြမြို့ ၂၀၂၂ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မဟော်ဂနီပင် ၁၀၀၊ မန်ကျည်းရှားပင် ၇၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဂွ-ငါးသိုင်းချောင်း လမ်းမဘေးတွင် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ငါးသိုင်းချောင်း မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကုန်းပြန်သစ်တောနယ်ရှိ ဂွ-ငါးသိုင်းချောင်းလမ်းမဘေးတွင် ယနေ့နံနက်ပိုင်းက မိုးရာသီ အကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဒေသခံကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး ကျွန်းပင် ၂၀၀၊ မန်ကျည်းရှားပင် ၂၀၀ နှင့် ပျဉ်းကတိုးပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၆၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**




**အစုရှယ်ယာလွှဲပြောင်းချခြင်း**

ကျွန်တော်တို့၏ TREASURE POWER COMPANY LIMITED အစုရှယ်ယာတန်ဖိုးအား အရေအတွက် ၁၀၀,၀၀၀ ကျပ်တန် အစုရှယ်ယာ (၅၀၀) စုအား ၁၀၀,၀၀၀ ကျပ်တန် အစုရှယ်ယာ (၆၀)စုသို့ လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**Treasure Power Co, Ltd**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၂)လမ်းထိပ်၊ အမှတ်(၂၅၉/ခ)၊ မြေရိယာ (၂၀ပေx၆၀ပေ) မြေပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အဦမှ (၁၈ပေx၅၄ပေ)အကျယ်ရှိ ပဥ္စမထပ်(အပေါ်ဆုံးထပ်)တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်တင်ရွှေ [၁၂/ဥကတ (နိုင်)၁၀၉၁၆၈]မှ လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ဒေါ်တင်ဇာထွန်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက လုံလောက်သောစာရွက်စာတမ်းမူရင်းများ အပြည့်အစုံဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာထွန်း**
**[၁၁/စတန(နိုင်)၀၆၈၈၆၇]**
**ဖုန်း-၀၉-၄၂၁၁၇၀၄၀၈၊ ၀၉-၉၇၃၀၈၅၅၁၉**
**အမှတ် ၇/ဘီ၊ စတုတ္ထထပ်၊ စက်ရုံလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**

**ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ H၊ မြေကွက်အမှတ်-၁၁၂၊ (အလျား ၄၀ပေ x အနံ ၂၀ပေ)ရှိ (အရပ်ခေါ်အမှတ်-၁၇၊ ဗိုလ်ထွန်းလင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်) မြေကွက်နှင့်အိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မြတ် [၁၂/ဗဟန(နိုင်)၀၄၀၁၄၁]အမည်ပေါက်လျက်ရှိသော နှစ်(၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်လက်ရောက်ရရှိပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (၁) ဦးဇော်မင်း[၁၂/ဗဟန(နိုင်)၀၄၃၂၄၈]၊ (၂) ဦးထွန်းထွန်းဇော်[၁၂/ဗဟန(နိုင်)၀၄၆၆၃၈]၊ (၃) ဦးဝဏ္ဏထွန်း[၁၂/ဗဟန(နိုင်)၀၁၇၁၁၁]တို့ထံမှ ဦးဇေသူအောင်[၁၂/လသန(နိုင်)၀၂၀၉၅၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါမြေအိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက မြေအိမ်ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက မြေအိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးဇေသူအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထင်ကျော်** | **ဒေါ်သက်လေးချို** |
| **B.Sc, H.G.P, R.L** | **LL.B, D.B.L, D.I.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅/၉၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၈/၁၄)** |

**Super Top Law Firm**
**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၄၃၅၆၈၊ ၀၉- ၅၁၈၆၀၂၁၊ ၀၉- ၄၂၀၀၂၄၂၈၉**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ လူနေရပ်ကွက်အမှတ်(၃၁)၊ဓမ္မပါလ ၈ လမ်း၊မြေကွက်အမှတ်(၄၉၉)၊အကျယ်အဝန်း(၄၆ပေ × ၆၀ပေ)ရှိမြေကွက် အနက်မှ(ခေါင်းရင်းခြမ်း) အကျယ်အဝန်း(၃၆ပေ × ၆၀ပေ)ပေရှိမြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ရွှေဝါထွန်း (၁၂/လမန(နိုင်)၁၀၀၉၁၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ဦးစော်မျိုးနိုင် | လွှဲအပ်ညွှန်ကြားချက်အရ | ဦးတင်ကိုလှိုင် |
| LL.B, D.B.L | | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

ဖုန်း - ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၂၅၀၉၇၁၇၂၉

**မီးဘေးရှောင် မလောင်ခင်တား**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၈-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၅-၂၀၂၂ ရက်နေ့မှ ၁၅-၆-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက[တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့် M.H.R.A (၁၀၀၀၀)ကျပ်၊ စုစုပေါင်း (၁၆၀၀၀၀)ကျပ်] ခံစားခွင့် ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး၊ သင်တန်းဆင်းပြီးသတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၂၃၅ ဆူ | ၄၈၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁.၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉.၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉.၅) သိန်း | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဦးစိန်တိုးသိန်း
## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၆၆)၊ စပါယ်ရုံလမ်းသွယ်(၁)၊ မဥ္ဇူလမ်း၊ ပါရမီနေ (ဦးကျင်သိန်း-ဒေါ်ကျင်ဟုန်)တို့၏သားကြီး၊ ဦးသန်းမြင့်-ဒေါ်တင်တင်သိန်းတို့၏ မောင်၊ ဒေါက်တာခင်မောင်စန်း-ဒေါ်အေးအေးသိန်း၊ ဦးသက်ထွန်း-ဒေါ်ခင်ဆွေဌေး၊ (ဦးခင်မောင်ကြည်)-ဒေါ်ဥမ္မာသိန်းတို့၏ အစ်ကို၊ ဒေါက်တာဇော်မျိုးဦး-ဒေါ်သူဇာသန်းတို့၏ ဖခင်သည် ၂၁-၅-၂၀၂၂(စနေနေ့) ညနေ ၃:၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၂၃-၅-၂၀၂၂ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တန်လေကိန် (ခ) ဒေါ်ကျင်ရီ
## အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးတန်အကောက်-ဒေါ်လှရီ) တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၅၃)၊ ဗိုလ်ရွဲလမ်း၊ (၅)ရပ်ကွက်၊ လသာမြို့နယ်နေ ဦးဘိုးစိန် (Ex MTMSM) ၏ဇနီး၊ မမိုးမိုးစိန်၊ ဒေါက်တာမောင်မောင်စိန်တို့၏မိခင်သည် ၁၆-၅-၂၀၂၂ (တနင်္လာနေ့) ည ၇:၄၂ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူးကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၏**
**ပဓာနနာယကဆရာတော်**

## ဘဒ္ဒန္တသဒ္ဓိယ

**(နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ သာသနဓဇသိရီပဝရ ဓမ္မာစရိယ)**

## သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၊ ပုလဲ မြို့သစ်ရွှေနံ့သာ ရွှေသုဝဏ်ကျောင်းတိုက်၊ မော်ဘီရွှေသုဝဏ်ကျောင်းတိုက်၊ မိတ္ထီလာထီလာလင်္ကာရကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တသဒ္ဓိယ (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု)သည် (၁၃၈၄ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် )၂၁-၅-၂၀၂၂ (စနေနေ့) နံနက် ၁:၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်) ၂၈-၅-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၌ သာဓုကီဠနပူဇာ ဆင်ယင်ကျင်းပ၍ ညနေ ၃ နာရီတွင် အန္တိမအဂ္ဂိဈာပနကို သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏဘူမိ Event Park ကွင်း၌ လောင်တိုက်ဖြင့် မီးသင်္ဂြိုဟ်ပူဇော်သွားမည်ဖြစ်ပါကြောင်း ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများသိရှိစေရန် အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

# ဦးမြင့်လွင်(ခ)ဦးကြည်ရှိန်
# (စတုဘုမ္မိကသာသနာပြု)
# အသက်(၉၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၃)၊ သဇင်လမ်းနေ (ဦးရင်တိတ်-ဒေါ်စောရင်) တို့၏သား၊ (ဒေါ်ခင်မြထွေး)၏ ခင်ပွန်း၊ ဒေါ်ရီရီမြင့်၊ ဒေါ်နုနုလွင်၊ ဒေါ်ဖြူဖြူလွင်၊ ဒေါ်ဝေဝေလွင်၊ ဒေါ်ပြုံးပြုံးလွင်၊ ဦးရဲအောင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင် ဖခင်ကြီးသည် ၂၂-၅-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၃:၄၀နာရီတွင် SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မြ(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)

**အ-ထ-က ယိုးတရုပ်၊ အ-ထ-က(၁၀)တာမွေ**
**အ-ထ-က(သုဝဏ္ဏ)၊ အ-ထ-က(၁)လှိုင်၊**
**အ-ထ-က(၂)တောင်ဒဂုံ**

## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ တိုက်အမှတ်(၁၂၂၆)၊ သုံးလွှာနေ ဒေါ်ဦးစံသာ၏ ခင်ပွန်း၊ ဦးဘဝင်း-ဒေါ်နွယ်နွယ်အောင်၊ ဦးဘလှအောင်-ဒေါ်သန်းသန်းဝင်း၊ ဦးဘထွန်းအောင်-ဒေါ်မေသကြာ်န်ထွန်း၊ ဒေါ်နုလှဖြူတို့၏ ဖခင်သည် ၂၂-၅-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၁:၀၅ နာရီတွင် နေအိမ်၌ ရုတ်တရက်ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၆-၅-၂၀၂၂(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၂(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဆွေ

**ဆ.လ.က (ရုံးချုပ်) ဗိသုကာ ပုံထုတ် (၄)**

## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၀)၊ အောင်သစ္စာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်သန်းမြင့်၏ခင်ပွန်း ကိုကျော်မြင့်လွင်၊ မမြင့်မြင့်ပြုံး၊ မစန်းစန်းမော်၊ မောင်ဇော်ဝင်း၊ မအေးအေးမော်၊ ဦးပြုံးချို-မမိုးမိုးသူ၊ မသင်းသင်းမော်တို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုး ဦးမြင့်ဆွေသည် ၂၁-၅-၂၀၂၂ ရက် ည ၁၁:၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၂၂ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မိုးစန္ဒာသိန်း
## အသက်(၅၂)နှစ်

စည်သူ(၇၁)မှ သူငယ်ချင်း ဦးခင်မောင်လွင် (ဒု/ညွှန်ချုပ်)၏ ဇနီးဖြစ်သူဒေါ်မိုးစန္ဒာသိန်းအသက်(၅၂)နှစ်သည် ၂၀-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ (ကောင်းရာသုဂတိရောက်ပါစေ။)

**စည်သူ(၇၁)သူငယ်ချင်းများနှင့် မိသားစုများ**

## ဒေါ်ခင်သီ
## အသက်(၇၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့၊ လက်ခုပ်ပင်ရပ်ကွက်၊ အမှတ်(၃)နေ (ဦးဉာဏ်ထွန်း) (အင်စပတ်တော်-ငြိမ်း)၏ ဇနီး၊ (ဦးခင်မောင်ထွန်း)၊ (ဦးခင်မောင်နိုင်(ခ)ဂျပန်ကြီး)၊ ဦးခင်မောင်လှိုင်-ဒေါ်ယဉ်မင်းမြင့်၊ (ဒေါ်ခင်သီတာထွန်း)၊ ဦးဇော်မိုးလွင်-ဒေါ်သောင်းရီ၊ ဦးကျော်လင်း-ဒေါ်ခင်သန္တာထွန်းတို့၏ မွေးသမိခင်၊ မြေး(၇)ယောက်တို့၏အဘွားသည် ၂၂-၅-၂၀၂၂ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာချင်းစုရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀/၁၂-ခ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၂ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# သင့်
# သွေးဖြင့်
# အသက်
# ကယ်ပါ

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၂၊ မြေကွက်အမှတ်-၅၉၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေ ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏ ခြေရင်းခြမ်းရှိ (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ဖြစ်သည့် ဦးမြင့်(ခ)ဦးမြမွေး[၁၂/ဥကတ(နိုင်)၁၁၀၁၀၇]မှ ကွယ်လွန်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြနွဲ့(SDG-၀၀၄၇၇၈)မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်သဘောတူညီပါသောကြောင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။

မည်သူမဆို ယခုအရောင်းအဝယ်သဘောတူညီချက်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း(မူရင်း) အထောက်အထားအပြည့်အစုံဖြင့် ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အထမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာခင်(LL.B,D.BL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၁/၂၀၁၄)**
**(NLK Legal Services)**
**nilarwinkhin 1@ gmail,com.mm(Ph-၀၉-၂၅၂၆၄၀၀၂၄)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၈)လမ်း၊ အိမ်အမှတ်(၅)၊ မြေညီထပ်၊ အလျား(၅၀)ပေxအနံ(၁၆)ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုမချစ်သဲစုစုပုံ [၈/ပဖန(နိုင်)၀၉၈၂၈၁]က ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီဘယ်လ်ချစ်စိန်**
**[၁၂/စခန(နိုင်)၀၆၁၃၉၅]**
**အမှတ်(၁၁၃)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၇၇၂၈၊ ၀၉-၄၂၀၂၂၀၁၄၃**

# ဦးဝဏ္ဏလင်း
# အသက်(၄၆)နှစ်

မန္တလေးမြို့၊ ဈေးချို ဝါးတန်းရပ်နေ ဦးကျော်သိန်း-ဒေါ်ခင်မြမြတို့၏ သားထွေး ဦးဝဏ္ဏလင်းသည် ၂၁-၅-၂၀၂၂(စနေနေ့) နံနက် ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာ(၁၇)လမ်း၊ အမှတ်-၈၃၁ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၈၃၁၊ ဧရိယာ-၂၄၀၀ စ/ပေ (အလျား ၄၀'x အနံ ၆၀') အကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် ဒေါ်နိုင်နိုင်ဝင်း [၁၂/သကတ (နိုင်)၁၂၉၂၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကြေညာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမြင့်( LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၆၄၆၆၇**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၀-ရပ်ကွက်၊ သခင်ဗဟိန်းလမ်း၊ အမှတ်(၇၀)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၇၀၊ အကျယ်အဝန်းအားဖြင့် (အလျား ၄၂+၃၉ပေ x အနံ ၇၂ပေ)၊ (၂၉၁၆) စတုရန်းပေ၊ (၀.၀၆၇)ဧကအကျယ်ရှိ နှစ်(၆၀ )ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်နော်လားမေဝါး[၁၄/ပသန(နိုင်)၁၇၈၄၇၃] အမည်ဖြင့် မှတ်သားတည်ရှိသော အထက်ပါ နှစ်(၆၀)ဂရန်မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သမံတလင်းခင်း၊ တစ်ထပ်အုတ်ညှပ်၊ သွပ်မိုး(ဂိုဒေါင်) အဆောက်အဦတစ်လုံး၊ အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး၊ လုပ်ငန်းသုံးပါဝါမီတာ(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက (၂၁-၅-၂၀၂၂)ရက်၌ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၆-၆-၂၀၂၂)ရက်နောက်ဆုံးထား၍ မူရင်းအထောက်အထားများယူလာပြီး လူကိုယ်တိုင်လာရောက်၍ ကျွန်ုပ်ထံသို့ အားမနာတမ်း၊ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ ဒေါ်ချစ်နီလာလွင် [၇/ကဝန(နိုင်)၀၉၄၄၁၅]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေဝင်း(စဉ်-၄၉၄၃)**
**(တရားလွှတ်တော်ရှေ့နေ)**
**တိုက်(၄၁)၊ အခန်း(ဘီ-၃)၊ ဒုတိယထပ်၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စိန်ရိုင်းလမ်း၊ မြေကွက်အမှတ်(၆၄၂)ဟုခေါ်တွင်သော မြေကွက်သည် မြို့/မြေစာရင်းတွင် ဦးဌေးမောင်(KBU ၀၃၅၅၆၄)အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဝယ်ယူထားသော (၂၀'x၆၀')ပေရှိ ခြေရင်းခြမ်း ဂရန်မူရင်း မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းသစ်နွယ်[၁၄/မမန(နိုင်)၁၅၄၆၀၄]ထံမှ ကျွန်ုပ်ကဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးထက်အာကာ**
**[၁၂/ဗတထ(နိုင်)၀၃၇၁၅၁]**
**ဖုန်း-၀၉-၉၇၈၂၃၂၄၅၆**

## ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများ ပြန်လည်ရောက်ရှိ



ရန်ကုန် မေ ၂၂

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပနေသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အနုပညာရှင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ်တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

**ယနေ့ ဖတ်စရာ**

## အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၄ ဦးရှိလာ



စာမျက်နှာ » ၁၃

## ရွှေဘို-မန္တလေးကားလမ်းမကြီးပေါ်၌ သွားလာနေသည့် မော်တော်ယာဉ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး ထိခိုက်ပျက်စီးကာ ခရီးသည် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရ

စာမျက်နှာ » ၁၄

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းမှ ရွှေ တစ်ခု၊ ကြေး တစ်ခု၊ လက်ဝှေ့အားကစားနည်းမှ ငွေ တစ်ခု ထပ်မံဆွတ်ခူးရရှိ

နေပြည်တော် မေ ၂၂

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ဗိုဗီနမ် အားကစားနည်းမှ Male Leg Attack Technique 04 Males, Each Performs 2 Legs Attack Technique (လေးယောက်တွဲ)အပြ ပွဲစဉ်၌ မောင်အောင်ခိုင်လင်း၊ မောင်ရာဇာထွန်း၊

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❂

